# ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (15-2-2006) (၄၈၇၂)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။**

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

(အပေါ်ပုံ) (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၅-၂-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

## အိပ်မက်လမ်းမကြီးနှင့် တံတားသစ်များ တိုးချဲ့ဖွင့်လှစ် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားမြင့်မားတိုးတက်

မြန်မာနိုင်ငံသည် ရေမြေသဘာဝ ပထဝီဝင်အနေအထားအရ လွင်ပြင်များ၊ မြစ်ဝှမ်းဒေသများရှိသကဲ့သို့ တောင်ကုန်းတောင်တန်းများနှင့် မြစ်ချောင်းအသွယ်သွယ်တို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ပြည်ထောင်စုတစ်ဝန်း ဖြန့်ကြက်နေထိုင် လျက်ရှိကြသော တိုင်းရင်းသားပြည်သူများသည် အချို့သောဒေသများ၌ မြေမျက်နှာသွင်ပြင်အနေအထားနှင့် သဘာဝ မြစ်ချောင်းအတားအဆီးများကြောင့် အနေနီးသော်လည်း ခရီးကွာဝေးလျက်ရှိကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်လာရေး၊ ကုန်သွယ် စီးပွားလုပ်ငန်းများ လျင်မြန်သွက်လက်လာရေးနှင့် စီးပွားရေး၊ လူမှုရေးအခြေအနေများ မြင့်မားတိုးတက်လာရေးတို့အတွက် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများစွာတို့ကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နယ်စပ်ဒေသများ အပါအဝင် နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဖော်ဆောင် ပေးလျက်ရှိရာတွင် ရခိုင်ပြည်နယ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ ရခိုင်ပြည်နယ်ကဲ့သို့ တောတောင်ထူထပ်ပြီး မြစ်ချောင်းပေါများလှသော ဒေသတွင် ကားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်းနှင့်အတူ တံတားသစ်များကိုလည်း တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ ပြည်နယ်အတွင်း ကူးသန်းဆက်သွယ်သွားလာမှုများ ပိုမိုလွယ်ကူ အဆင်ပြေလျက်ရှိသည်။

ရခိုင်ပြည်နယ်တွင် ၁၉၈၈ ခုနှစ်မတိုင်မီက ကားလမ်းအရှည်စုစုပေါင်းမှာ ၄၄၈ မိုင်သာရှိခဲ့သည်။ ယခုအခါ ၈၉၇ မိုင်အထိ တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ အလားတူ ပြည်နယ်အတွင်း၌ ယခင်က ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၁ စင်းသာရှိခဲ့ရာမှ ယခုအခါ တံတား ၄၄ စင်းအထိ တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ယခုတစ်ဖန်ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်အတွင်း ရန်ကုန်-တောင်ကုတ်-မအီ-ကျောက်ဖြူကားလမ်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသည့် သဇင်တန်ပေါက်တံတားကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါတံတားမှာ အရှည် ၅၉၂ ပေရှိပြီး သံမဏိသံပေါင် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် စစ်တွေ-အမ်း-ရန်ကုန်လမ်းမကြီး နှင့် ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန်လမ်းမကြီးတို့ကို ဖောက်လုပ်ပေးထားသည်။ အဆိုပါ လမ်းမကြီးများသည် မြစ်ချောင်းအသွယ်သွယ်၊ တောင်တန်းအထပ်ထပ်ကို ဖြတ်ကျော်တည်ဆောက်ခဲ့ရသည်။ ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန်လမ်းမကြီးကို ဖောက်လုပ်ရာတွင် မအီနှင့်ကျောက်ဖြူလမ်းအပိုင်း၌ ရွှံ့နွံထူထပ်သည့် ဒီရေတောအတွင်း မိုင် ၂၀ ကျော်ခန့်ကို ခက်ခက်ခဲခဲဖြတ်သန်းဖောက်လုပ်ခဲ့ကြရသည်။ လမ်းသစ်များနှင့်အတူ တံတားသစ်များကိုလည်း တည်ဆောက်ပေးလျက်ရှိရာ သဇင်တန်ပေါက်တံတားလည်း အပါအဝင်ဖြစ်သည်။

ယခုအခါ မြန်မာအင်ဂျင်နီယာများ၏ ကျွမ်းကျင်မှု၊ စေတနာနှင့် မဆုတ်မနစ်သော ကြိုးပမ်းအားထုတ်မှုများကြောင့် ကျောက်ဖြူမြို့မှ ရန်ကုန်မြို့၊ ရမ်းဗြဲမြို့မှ ရန်ကုန်မြို့သို့ ခရီးသည်နှင့် ကုန်တင်မော်တော်ယာဉ်များ ဥဒဟိုပြေးဆွဲ နေကြပြီဖြစ်သည်။ သဘာဝအတားအဆီးများကြောင့် မည်သို့မျှမဖြစ်နိုင်ဟု ယူဆရသည့် အိပ်မက်လမ်းမကြီး မျက်ဝါးထင်ထင် ဖြစ်ပေါ်လာပြီး အဆိုပါ လမ်းမကြီးကို အသုံးပြုကာ တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာနေကြပြီဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု လမ်းသစ်၊ တံတားသစ်များစွာကို တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်၏ ဝင်ပေါက်လမ်းမကြီးများဖြစ်သည့် ရန်ကုန်-စစ်တွေလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ သိုင်းချောင်း-ဂွလမ်းနှင့် ပန်းတောင်း-တောင်ကုတ်လမ်းတို့သည် နိုင်ငံတော်က ပြည်သူများအပေါ် ထားရှိသည့် မေတ္တာ၊ စေတနာ၏ ပြယုဂ်များပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်နယ်တစ်ခုမှတစ်ခု၊ မြို့နယ်တစ်ခုမှတစ်ခုသို့ အချိန်တိုအတွင်း လွယ်ကူစွာ ကူးသန်းဆက်သွယ် သွားလာနိုင်သည့် လမ်းသစ်၊ တံတားသစ်များစွာတို့ကို ပြည်ထောင်စုတစ်ဝန်း၌ ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ် တည်ဆောက်ဖြည့်ဆည်းပေးမှုများနှင့်အတူ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

## ပြည်ထောင်စုနေ့ အစီရင်ခံစာ

“တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့”

## ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျာမနီနိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျာမနီနိုင်ငံ Rieckermann Machinery Industrial Equipment မှ Director Mr. Erich Garbers နှင့် Product Manager Mr. Markus Thiel တို့သည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြား ရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

### တွေ့ဆုံ

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျာမနီနိုင်ငံ Rieckermann Machinery Industrial Equipment မှ Director Mr. Erich Garbers နှင့် Product Manager Mr. Markus Thiel တို့ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။**(သတင်းစဉ်)

## တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) မောင်မယ်သစ်လွင်ကြိုဆို

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉နာရီတွင် ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဆွေ၊ ပါမောက္ခချုပ် ဒေါက်တာလွင်ကိုနှင့် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဝထွန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလွင်ကိုနှင့် ဆွေမျိုးသားချင်းများ ချီးမြှင့်သော ပညာရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ အမည်စာရင်းကို ကြေညာသည်။ (သတင်းစဉ်)

**နှစ်ဖက်မိဘများအားအမှူးထား၍ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းနေ သီရိသုခမွေ မဏိဇောတရေ ဦးထွန်းလင်း-ဒေါ်ရင်ရင်စိုး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆေးကုသမှုအထူးရန်ပုံငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။** (က-ပ)

## ပညာရေးအထောက်အကူပြု စာအုပ်စာတမ်းများလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၂)အလယ်တန်းကျောင်း ဗိုလ်တထောင်ရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများအသုံးပြုရန်အတွက်ပညာရေး အထောက်အကူပြု စာအုပ်စာတမ်းများလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များကိုယ်စား ဆရာဦးကံချွန်က စာအုပ်လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး အေးဖေကလှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အလှူရှင်များက စာအုပ်များပေးအပ်လှူဒါန်းရာ ဌာနချုပ်မှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်လိုက်ကြောင်း သိရသည်။

**(အပေါ်ပုံ)** (ပညာရေး)

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့နှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့နှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး၊ အစိုးရ အဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး–သံရုံးယာယီတာဝန်ခံ မစ္စတာယူဘိုရမ်နှင့် သံရုံးမှ တာဝန်ရှိ သူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါသွား**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး–သံရုံးယာယီတာဝန်ခံ မစ္စတာယူဘိုရမ်နှင့်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

**ကြည့်ရှုစစ်ဆေး**

**(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုနေ့ပြပွဲ သတ္တမနေ့ ဆက်လက်ပြသ
# ရဟန်းရှင်လူပြည်သူနှင့် ကျောင်းသူ၊ကျောင်းသားများ ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ သတ္တမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ပြန်ကြားရေး ဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း လာရောက်ကြည့်ရှုသည်။**

ပြပွဲသို့ ရဟန်းရှင်လူပြည်သူများနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာကြသည်။

ယင်းပြပွဲတွင် သတ္တုတွင်း ဝန်ကြီးဌာနပြခန်း၌ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း စသည့် ပြကွက်များကို ရုပ်ပုံကားချပ်၊ ဓာတ်ပုံ၊ မြေပုံများဖြင့် စနစ်တကျ ခင်းကျင်းပြသထားသည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီး ဌာနပြခန်း၌လည်း ကျန်းမာရေးဝန်ကြီး ဌာန၏ ရည်မှန်းချက်၊ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် နည်းနာ သုံးရပ်၊ ကျန်းမာရေးစီမံကိန်းများ၊ မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်း ချက် နှစ်(၃၀)နှစ်ရှည်စီမံကိန်း၊ ကျန်းမာ ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ တိုင်းရင်းဆေးပညာကဏ္ဍ တိုးတက်မှု များ၊ ရောဂါကြီးများကူးစက်မှု ဖြစ်ပွား မှု လျော့နည်းကင်းစင် ပပျောက်အောင် ဆောင်ရွက်နိုင်မှုဇယား၊ ခွဲစိတ်ကုသမှု ဆိုင်ရာ အောင်မြင်မှု မှတ်တိုင်များ၊ ပြည်တွင်း၌ တိုးချဲ့သင်ကြားပေးနေ သော ဘာသာရပ်ဆိုင်ရာ ဘွဲ့လွန်ဆေး ပညာသင်တန်းများကို ရုပ်ပုံကားချပ်၊ ဇယား၊ ဓာတ်ပုံများဖြင့် ခင်းကျင်းပြသ ထားသည်။

အလားတူ ကချင်ပြည်နယ်ပြခန်း၌ ကချင်တိုင်းရင်းသားရိုးရာဓလေ့ ပွဲတော်များ၊ ကချင်တိုင်းရင်းသား စာပေ၊ ကချင်တိုင်းရင်းသားမျိုးနွယ်များ၊ ကချင်ပြည်နယ်၏ အလှရှုခင်းများ၊ ကချင်တိုင်းရင်းသား စကားပုံများကို ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံကားချပ်များဖြင့် ဝေဝေဆာဆာ ခင်းကျင်းပြသထားသည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများအတွက် ကွန်ပျူတာဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Soft Guide Computer Co., Ltd., ၏ အစီအစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်ဘာသာ အမေးအဖြေ လေ့ကျင့်ဖြေဆိုယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု လေ့လာနိုင်သည်။ (သတင်းစဉ်)

## ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

**နေ့ရက် – ၈–၂–၂၀၀၆ မှ ၁၆–၂–၂၀၀၆**

**အချိန် – နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ**

**နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။**

**( မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည် )**

**၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာကြစဉ်။** (သတင်းစဉ်)

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လမ်း(၅၀)နေ Thacos Maritime Co., Ltd MT Jamal Massry သင်္ဘော မိသားစုက ငွေကျပ် ၇၄၇၀၀၀ ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် ဘဏ္ဍာရေးမှူး ဦးဌေးမြင့် တို့ထံ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

(၁၄–၂–၂၀၀၆)

**ပင်လောင်းနှင့် ဟားခါး**

၃ ဒီဂရီစင်တီဂရိတ်

အကြိမ် (၂၀) မြောက် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲဝင်မည့် ကနေဒါ စကိတ်စီးအဖွဲ့ အီတလီနိုင်ငံ တူရင်မြို့၌ လေ့ကျင့်နေသည်ကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဖိလစ်ပိုင်အမျိုးသမီးများ လူကုန်ကူးခံရမှု ဆက်လက်ဖြစ်ပွား

မနီလာ ဖေဖော်ဝါရီ ၁၃

**လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးတွင် ဖိလစ်ပိုင်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာသဘောတူညီမှု အဖွဲ့တွင် လွန်ခဲ့သော နှစ်နှစ်ကျော်ကတည်းက ပါဝင်ခဲ့ပြီး လူကုန်ကူးမှု ဥပဒေများကိုလည်း တင်းကြပ်စွာ ပြင်ဆင်ပြဋ္ဌာန်းသော်လည်း ဖိလစ်ပိုင်အမျိုးသမီးများ လူကုန်ကူးခံရမှုသည် ဆက်လက်ဖြစ်ပေါ်နေကြောင်း သြဇာတိက္ကမရှိသော ဖိလစ်ပိုင်ဥပဒေပြု ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးက ဖေဖော်ဝါရီ ၁၀ရက်တွင် ပြောကြားခဲ့သည်။**

ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီး လူကုန်ကူးခံရမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ လူကုန်ကူးခံရသူများတွင် အာရှ၊ အာဖရိကနှင့် ဥရောပနိုင်ငံများမှ အမျိုးသမီးများပါဝင်ကြောင်း၊ အဆိုပါလူကုန် ကူးခံရခြင်းသည် ဆင်းရဲမွဲတေခြင်း၏ အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်ဟု ဥပဒေပြု ကိုယ်စားလှယ်အာကီလီနို နီနီပီမန်တလ်ကပြောကြားသည်။ လူကုန်ကူးခံသူများသည် ကမ္ဘာ့ချမ်းသာသော နိုင်ငံများတွင် ကျေးကျွန်များအဖြစ် ရောင်းစားခံရခြင်း၊ စော်ကားခံရခြင်း ဖြစ်ပွားလျက်ရှိကြောင်း မနီလာမြို့၌ ပြုလုပ်သောလူများ ပြောင်းရွှေ့နေထိုင်ခြင်းနှင့် လူကုန်ကူးခံရခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ၌ ၎င်းကပြောဆိုခဲ့သည်။

ဆင်းရဲသောနိုင်ငံများမှ အမျိုးသမီးများသည် ဆင်းရဲသည့်ဒဏ်ကြောင့် လူကုန်ကူးခံရခြင်း ဖြစ်ရကြောင်း၊ လူကုန်ကူးခံရသော အမျိုးသမီးများသည် ဖိလစ်ပိုင်နိုင်ငံ အပါအဝင် အာရှနိုင်ငံများမှဖြစ်ပြီး ၎င်းတို့သည် ဂျပန်နှင့် တောင်ကိုရီးယားတို့တွင် ကြုံရာကျပန်းလုပ်ကိုင်လျက်ရှိကြောင်း၊ အရှေ့အလယ်ပိုင်းနိုင်ငံမှ အချို့အလုပ်ရှင်များသည် ဖိလစ်ပိုင် အမျိုးသမီးအိမ်ဖော်များကို ကျေးကျွန်များ သဖွယ်ဆက်ဆံကြောင်း ပီမန်တလ်က ပြောကြားခဲ့သည်။

**ရောင်းစား**

ဆင်းရဲသောနိုင်ငံများမှ အမျိုးသမီးများကို ချမ်းသာသော နိုင်ငံများသို့ လူမှောင်ခိုကူးဂိုဏ်းများက ရောင်းစားလျက်ရှိရာ နှစ်စဉ်အမျိုးသမီး ၄၅၀၀၀ မှ ၅၀၀၀၀ အထိရှိသည်ဟု နောက်ဆုံးထွက်ပေါ်လာသော အစီရင်ခံစာများက ဖော်ပြသည်။

**ကျပန်းလုပ်ကိုင်**

ဖိလစ်ပိုင်အမျိုးသမီး ထောင်ပေါင်းများစွာတို့သည် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်လျက်ရှိသည်။ ၎င်းတို့ထဲမှ အများစုသည် ဆင်းရဲသော မိသားစုဝင်များ ဖြစ်သည်ဟု ဖိလစ်ပိုင်နိုင်ငံတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အာရှဒေသဖွံ့ဖြိုးရေး အိန္ဒိယပါဝင်လှုပ်ရှားရန် အရှေ့အာရှသုံးနိုင်ငံ ခေါင်းဆောင်များ တိုက်တွန်း

ဆိုးလ် ဖေဖော်ဝါရီ ၁၃

**အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အိန္ဒိယနိုင်ငံက အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားရန် အရှေ့အာရှနိုင်ငံများဖြစ်ကြသော တောင်ကိုရီးယား၊ ဖိလစ်ပိုင်နှင့်စင်ကာပူနိုင်ငံတို့က တိုက်တွန်းပြောကြားကြကြောင်း အိန္ဒိယသမ္မတ အေပီဂျေအဗ္ဗဒူလ်ခါလမ်က ကြာသပတေးနေ့တွင် သတင်းထောက်များအား ပြောကြားသည်။**

အာရှတိုက်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့က အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားရန် အဆိုပါ သုံးနိုင်ငံမှ နိုင်ငံရေးခေါင်းဆောင်များက တိုက်တွန်းခဲ့ကြကြောင်း၊ ဖွံ့ဖြိုးရေးအတွက် ဖော်ဆောင်ရာတွင် အိန္ဒိယနိုင်ငံက မိတ်ဖက်နိုင်ငံအဖြစ် ဦးဆောင်လှုပ်ရှားရန် အရှေ့အာရှနိုင်ငံများက လိုလားကြကြောင်း ခါလမ်က သုံးနိုင်ငံခရီးစဉ်ပြီးဆုံးပြီးနောက် မြို့တော်ဆိုးလ်မှ ပြန်လည်ထွက်ခွာရာတွင် လေယာဉ်ပေါ်၌ သတင်းထောက်များအား ပြောကြားသည်။

**အကျိုးမရှိနိုင်**

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်မည်ဆိုပါက ဒေသတွင်းရှိ မည်သည့်နိုင်ငံအတွက်မျှ အကျိုးရှိနိုင်မည်မဟုတ်ဟု အရှေ့အာရှသုံးနိုင်ငံခေါင်းဆောင်များက ယူဆကြကြောင်း၊ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံနှင့် အတူတကွလက်တွဲ ဆောင်ရွက်သွားမည်ဟု ၎င်းတို့ကို မိမိက ပြောကြားခဲ့ကြောင်း ခါလမ်က ရှင်းပြသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# ဘင်္ဂလားဒေ့ရှ်၌ ရေကောင်းရေသန့် ရရှိရေးဆောင်ရွက် ကျေးရွာနေအိမ်များသို့အရောက် ရေပိုက်သွယ်မည်

**ဒါကာ ဖေဖော်ဝါရီ ၁၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွာသူရွာသား စုစုပေါင်း ၃၀၀၀၀ နေထိုင်ရာ နေအိမ်များသို့အရောက် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ယခုနှစ်ကုန်ပိုင်းတွင် အကောင်အထည်ဖော်မည်ဟု မျှော်မှန်းထားကြောင်း ဘီအက်စ်အက်စ်သတင်းဌာနက ဖေဖော်ဝါရီ ၁၁ ရက်တွင် ဖော်ပြခဲ့သည်။

**ကူညီထောက်ပံ့**

အဆိုပါလုပ်ငန်းကို ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ လူမှုဖွံ့ဖြိုးရေးအဖွဲ့ (အက်စ်ဒီအက်ဖ်)က ဆောင်ရွက်လျက်ရှိပြီး ထိုလုပ်ငန်းအတွက် နည်းပညာနှင့်ငွေကြေးကို ကမ္ဘာ့ဘဏ်က ကူညီထောက်ပံ့မည်ဖြစ်သည်။

အဆိုပါ ရေပိုက်သွယ်တန်း၍ ရေးပေးခြင်းစနစ်ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း အက်စ်ဒီအက်ဖ် ဦးဆောင်ညွှန်ကြားရေးမှူး ဟာဖီဇူဒင်ခန်၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြထားသည်။

**သန့်ရှင်းသောရေ**

ညစ်ညမ်းသောရေနှင့် သန့်ရှင်းမှုမရှိသောရေတို့ကို သောက်သုံးမိခြင်းကြောင့် ကျေးလက်ပြည်သူများ နှစ်စဉ် အများအပြားသေဆုံးကြသည်။ ကျန်းမာရေးနှင့်ညီညွတ်ရန်နှင့် သေဆုံးမှုနှုန်းထားကျဆင်းစေရန်မှာ ထိုလုပ်ငန်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။

ကျေးရွာများတွင် ရေပိုက်သွယ်တန်းနည်းဖြင့် ရေပေးဝေခြင်းကို အခြားသောဒေသများတွင် ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်သည်ဟု ခန်က ဆက်လက်ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# တရားမဝင် ဝင်လာသူများကို သယ်ဆောင်လာသောယာဉ် ကန်နယ်စပ်အဖွဲ့က လိုက်လံဖမ်းဆီးစဉ် တိမ်းမှောက်

**လော့အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၃**

ဆန်ဒီဂိုခရိုင်အနီးတွင် တရားမဝင် ဝင်ရောက်လာသူများကို သယ်ဆောင်လာသောကားဟု ယူဆရသော ဗင်ကားကို အမေရိကန်နယ်စပ် ကင်းစောင့်တပ်ဖွဲ့က ဖေဖော်ဝါရီ ၁၀ ရက်တွင် လိုက်လံဖမ်းဆီးခဲ့သည်။

အဆိုပါ ယာဉ်သည် တိမ်းမှောက်မှုဖြစ်ပွားရာ ဒဏ်ရာပြင်းထန်သူရှစ်ဦး အပါအဝင် ၂၁ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**လူ ၂၈ ဦး**

အဆိုပါ ဗင်ကားတိမ်းမှောက်စဉ် လူ ၂၈ဦး လိုက်ပါလာကြောင်း၊ လူရှစ်ဦးမှာ ဒဏ်ရာပြင်းထန်ပြီး၊ အခြားလူများမှာ ဒဏ်ရာအနည်းငယ်သာ ရရှိကြောင်း ဆန်ဒီဂိုခရိုင် မီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရစ်လူကွီက ပြောဆိုခဲ့သည်။

တရားမဝင် ဝင်ရောက်လာသူများကို သယ်ဆောင်လာသော ကားဟု ယူဆရသော ဗင်ကား သုံးစီးနှင့် ဆီဒင်ကားတစ်စီးနောက်သို့ နေ့လယ်ပိုင်းမှ စတင်၍ အဆိုပါ ကင်းတပ်ဖွဲ့က လိုက်လံဖမ်းဆီးခဲ့သည်။ ထိုယာဉ်များသည် ဆန်ဒီဂိုခရိုင် အမေရိကန်-မက္ကဆီကို နယ်စပ်အနီးမှ မောင်းထွက်လာခြင်းဖြစ်သည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါယာဉ်များအနက် တစ်စီးသည် မြောင်းတစ်ခုအတွင်းသို့ ချော်ကျတိမ်းမှောက်သွားခဲ့သည်ဟု ရဲတပ်ဖွဲ့ကပြောသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ငါးမန်းစာအုပ်ရေးသည့် စာရေးဆရာ ပီတာဘင့်ချလေ အသက် (၆၅) နှစ်တွင် ကွယ်လွန်

**နယူးယောက် ဖေဖော်ဝါရီ ၁၃**

အရောင်းရဆုံး စာအုပ်စာရင်းဝင်ဖြစ်သည့် "ဂျော့စ်"စာအုပ်ရေးသည့် စာရေးဆရာ ပီတာဘင့်ချလေသည် အသက် ၆၅ နှစ်တွင် ၎င်း၏နေအိမ်၌ ကွယ်လွန်သွားကြောင်း ၎င်း၏ မိသားစုက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ အဆိုပါ "ဂျော့စ်"စာအုပ်ကို ရုပ်ရှင်အဖြစ်ပြောင်းလဲရိုက်ကူးခဲ့ရာတွင် အထူးအောင်မြင်ခဲ့သည်။ ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုရရှိခဲ့ပြီးရုပ်ရှင်ကြည့် ပရိသတ်များသည် ယင်းရုပ်ရှင်ကြည့်ပြီး ပင်လယ်ကမ်းစပ်သို့ပင် နှစ်အတန်ကြာ မသွားရဲဘဲဖြစ်ခဲ့ကြဖူးသည်။

**စွန့်စားခန်း**

ဘင့်ချလေသည် ယင်းစာအုပ်အပြင် အဏ္ဏဝါတွင်းမှ စွန့်စားခန်းဝတ္ထုများဖြစ်သည့် "သည်ဒိပ်"နှင့် "သည်အိုင်းလင်း"စာအုပ်များကိုလည်း ရေးသားခဲ့ကာ နာမည်ကျော်ခဲ့သည်။ ယင်းစာအုပ်များသည် ရုပ်ရှင်အဖြစ်ပြောင်းလဲကာ ရိုက်ကူးခြင်းခံခဲ့ရသည်။ ၎င်းသည် အဆုတ်ရောဂါဖြင့် သေဆုံးခြင်းဖြစ်သည်ဟု ၎င်း၏ သမက်ဖြစ်သူ ခရစ္စတန်နားက ပြောကြားသည်။

**ဆိုးရွားလာ**

ဘင့်ချလေသည် ထိုရောဂါကို ၂၀၀၅ ခုနှစ် ဆောင်းဦးရာသီ ကတည်းကရှိကြောင်း စမ်းသပ်တွေ့ရှိရပြီး ကျန်းမာရေး အခြေအနေသည် တစ်စထက်တစ်စ ဆိုးရွားလာခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**စာနယ်ဇင်းသမား**

ဘင့်ချလေသည် နာမည်ကျော်ဝတ္ထုရေး ဆရာဖြစ်ခဲ့သလို ဝါရှင်တန်ပို့စ်သတင်းစာတွင် သတင်းထောက်လည်းဖြစ်ခဲ့ပြီး သမ္မတဂျွန်ဆင်လက်ထက်က ၎င်းအတွက် မိန့်ခွန်းများ ရေးသားပေးခဲ့သူလည်း ဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

ဂျပန်နိုင်ငံ၏ ဆောင်းအအေးဒဏ်ကို ကြံ့ကြံ့ခံနေကြသော နှင်းမျောက်နှစ်ကောင်ကိုနိုင်ငံအလယ်ပိုင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



# ဆူဒန်၌ စစ်လေယာဉ်မီးလောင်၊ လူ ၂၀ သေဆုံး

**ခါတွန် ဖေဖော်ဝါရီ ၁၃**

ဆူဒန်နိုင်ငံတောင်ပိုင်း အဝေလ်လေဆိပ်၌ စနေနေ့က စစ်လေယာဉ်တစ်စင်း ဆင်းသက်စဉ် ပေါက်ကွဲမီးလောင်၍လေယာဉ် ဝန်ထမ်းခုနစ်ဦးနှင့် လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ၁၃ ဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လေယာဉ်ဝန်ထမ်းခုနစ်ဦးနှင့် တပ်သား ၁၃ ဦး သေဆုံးသွားကြောင်း၊ အဆိုပါ လေယာဉ်မှာ အန်တိုနော့ဗ်-၂၆ အမျိုးအစားဖြစ်ကြောင်း၊ မီးစွဲလောင်ပြီး ပေါက်ကွဲသွားကြောင်း စစ်ဘက်မှ ပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

လေယာဉ်သည် လေဆိပ်တွင် ဆင်းသက်စဉ် လေယာဉ်၏ ရှေ့ဘီးပေါက်ကွဲပြီး ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတောင်ပိုင်းကြည်းတပ်မှ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လေယာဉ်ဆင်းသက်စဉ် ရှေ့ဘီးပေါက်ကွဲပြီး လေယာဉ်ကို မထိန်းနိုင်သဖြင့် လေဆိပ်အနီးရှိ အဆောက်အအုံတစ်ခုနှင့် တိုက်မိကြောင်း၊ ထို့နောက် မီးလောင်ကျွမ်းခဲ့ကြောင်း ဆူဒန်နိုင်ငံတောင်ပိုင်း ကြည်းတပ်မှ အဆင့်မြင့်တာဝန်ရှိသူ အီလီယတ်ဝါယာအင်ယီပူစ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အိုင်အာရ်အာရ်အိုင်နှင့် အိန္ဒိယသိပ္ပံပညာရှင်များ အပူဒဏ်ခံနိုင်သည့် မျိုးစပ်စပါးထုတ်လုပ်မည်

နယူးဒေလီ ဖေဖော်ဝါရီ ၁၃

***ကမ္ဘာအနှံ့ အပူဒဏ်မြင့်တက်ခြင်းကို ကြံ့ကြံ့ခံနိုင်သည့် မျိုးစပ်ထားသော စပါးတစ်မျိုးကို တီထွင်ထုတ်လုပ်ရန် နိုင်ငံတကာ ဆန်စပါးသုတေသနဌာန (အိုင်အာရ်အာရ်အိုင်) က အိန္ဒိယ သိပ္ပံပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပီတီအိုင်သတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။***

***အိန္ဒိယနိုင်ငံ သမ္မတ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ခါလမ်သည် မကြာမီက ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိစဉ် အိုင်အာရ်အာရ်အိုင်စိုက်ခင်းတစ်ခုသို့ လာရောက်လေ့လာရာ အိုင်အာရ်အာရ်အိုင် ညွှန်ကြားရေးမှူးချုပ် ရော့ဘတ်ဇီဂလာက အထက်ပါအတိုင်း ပြောကြားခဲ့သည်။***

***မိမိတို့ ၏အနာဂတ်ရည်မှန်းချက်တစ်ရပ်မှာ ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ကြောင့် ဖြစ်ပေါ်လာရသည့် ရာသီဥတုပြောင်းလဲမှု အခက်အခဲများကို အခြေပြုလျက် အိန္ဒိယနှင့် ပူးပေါင်းဆောင်ရွက်ရေးပင်ဖြစ်ကြောင်း၊ ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့နှင့် ဆန်စပါးအထွက်နှုန်း အပေါ် ယင်း၏ ဩဇာသက်ရောက်မှုကို လေ့လာစောင့်ကြည့်မည်ဖြစ်ကြောင်း ဇီဂလာက ပြောကြားသည်။***

***အပူချိန်မြင့်တက်လာလျှင် သီးနှံအထွက်နှုန်းကို ထိခိုက်စေနိုင်ကြောင်း အိုင်အာရ်အာရ်အိုင်မှ တာဝန်ရှိသူများက ပြောကြားကြသည်။ အိုင်အာရ်အာရ်အိုင်သည် မျိုးစေ့ချကိရိယာများသုံးစွဲမှု တွင်ကျယ်လာစေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ မျိုးစေ့ချကိရိယာများကို ၁၉၃၀ပြည့်နှစ်တွင် တီထွင်ခဲ့ကြောင်း၊ တောင်သူများအနေဖြင့် အလုပ်သမားခစရိတ်လျော့နည်းစေရန်၊ စပါးရွှေ့ပြောင်းစိုက်ပျိုးချိန် အချိန်ကုန်သက်သာစေရန်နှင့် အထွက်နှုန်းတိုးစေရန် ရည်ရွယ်ကြောင်း အိုင်အာရ်အာရ်အိုင် လူမှုရေးသိပ္ပံဌာနမှူး မာဟတ်ဟိုစိန်က ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။***

***ဒေါ်လာ ၂၀မျှသာ ကျသင့်သည့် မျိုးစေ့ချကိရိယာကို အသုံးပြုခြင်းဖြင့် အနောက်ဘင်္ဂလားပြည်နယ်ရှိ တောင်သူများအား အကုန်အကျသက်သာစေပြီး ဒေါ်လာ ၆၀မှ ၇၀အထိ အကျိုးအမြတ် ရရှိစေကြောင်း၊ ရွှေ့ပြောင်းစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းစေကြောင်း၊ အထွက်နှုန်းလည်း မြင့်မားစေကြောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ဒေါ်လာ ၁၀၀ အထိ အကျိုးအမြတ်ရရှိကြောင်း ၎င်းက ပြောကြားသည်။***

***မျိုးစေ့ချကိရိယာများကို အသုံးပြုခြင်းဖြင့် လယ်မြေတစ်ဟက်တာလျှင် စပါးအထွက် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်စေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။***

အင်တာနက်။

# တရုတ်နိုင်ငံ၌ ဖန်ပြွန်သန္ဓေသား မွေးဖွား

**ပေကျင်း ဖေဖော်ဝါရီ ၁၃**

အေးခဲထားသည့် မမျိုးဥ၊ အေးခဲထားသည့် သုက်ရည်နှင့် အေးခဲထားသည့် သန္ဓေသားတို့ကို အသုံးပြုပြီး တရုတ်နိုင်ငံ၏ ပထမဦးဆုံးသော ဖန်ပြွန်သန္ဓေသားကို မြို့တော်ပေကျင်း၌ မွေးဖွားပေးလိုက်သည်။ အဆိုပါ ကလေးမှာ ယောကျ်ားကလေးဖြစ်ပြီး ကလေး၏ကိုယ်အလေးချိန်မှာ ၃ ဒသမ ၀၉ ကီလိုဂရမ်ရှိသည်။ **(ယာပုံ)**

ကလေးကို ပေကျင်းတက္ကသိုလ်နှင့် တွဲဖက်ထားသည့် ဆေးရုံတွင် ကြာသပတေးနေ့က မွေးဖွားခဲ့ခြင်းဖြစ်ပြီး မွေးဖွားစဉ်တွင် ကလေး၏ အရပ်အမြင့်မှာ ၄၉ စင်တီမီတာရှိကြောင်း နိုင်ငံပိုင် သတင်းမီဒီယာများက ဖော်ပြသည်။

ခရိုမိုဇုန်း စစ်ဆေးမှုအပါအဝင် ဆေးစစ်မှုအားလုံး ပြုလုပ်ရာ ကလေးမှာ ပုံမှန်အနေအထားတွင်ရှိကြောင်း ဆေးရုံမှတာဝန်ရှိသူများက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ဆေးသိပ္ပံပညာတွင် မမျိုးဥကို အေးခဲအောင် ပြုလုပ်ခြင်း လုပ်ငန်းစဉ်သည် ကနဦးအဆင့်တွင်သာ ရှိသေးကြောင်း၊ သို့ရာတွင် မျိုးပွားခြင်းဆိုင်ရာ နည်းပညာအတွက် ယင်းလုပ်ငန်းစဉ်သည် အလွန် အရေးပါကြောင်း ပေကျင်းတက္ကသိုလ်နှင့် တွဲဖက်ထားသည့် ဆေးရုံမှ ပါမောက္ခချန်ဂွေယန်က ပြောကြားသည်။ ကင်ဆာရောဂါ ဝေဒနာခံစားနေရသော အမျိုးသမီးငယ် များသည် ဖန်ပြွန်သန္ဓေဖြင့် မွေးဖွားသည့် နည်းပညာအရ ကလေးရယူနိုင်မည်ဖြစ်သည်။ ***အင်တာနက်။***



# ကျွမ်းထိုးပျံသန်းသည့် လေယာဉ်ငယ် နေအိမ်ပေါ်သို့ ပျက်ကျမီးလောင်

**ရိုစ်ဗယ်လီ ဖေဖော်ဝါရီ ၁၃**

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ရိုစ်ဗယ်လီမြို့တွင် ဝေဟင်၌ ကျွမ်းထိုးပျံသန်းနေသော လေယာဉ်ငယ်တစ်စင်းသည် အရှိန်မထိန်းနိုင်ဘဲ နေအိမ်တစ်အိမ်ပေါ်သို့ ပျက်ကျ မီးလောင်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် လူနှစ်ဦး ထက်မနည်း သေဆုံးပြီး နေအိမ်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

အင်ဂျင်တစ်လုံးတပ် လေယာဉ်ငယ်သည် ကျွမ်းထိုးပျံသန်းနေစဉ် ပျက်ကျခဲ့ပြီးနောက် နှစ်ထပ်နေအိမ်တစ်လုံးပေါ်သို့ ထိုးကျသွားခဲ့ကြောင်း၊ ယင်းနေအိမ်နှင့် ကပ်လျက်ရှိနေသော နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ ကားဂိုဒေါင်တစ်လုံးနှင့် ထပ်ခိုးအဆောက်အအုံတို့ ပျက်စီးသွားကြောင်း မီးသတ်ဌာနက ပြောကြားသည်။

လေယာဉ်ပျက်ကျရာနေရာရှိ အပျက်အစီး အပိုင်းအစများအတွင်း လူငယ်တစ်ဦးကို ရှာဖွေတွေ့ရှိခဲ့ကြရသည်။ လေယာဉ်ငယ်ကလေးသည် အင်္ဂလိပ်ဂဏန်း ရှစ်ပုံသဏ္ဌာန်ကို သရုပ်ဖော်ပျံသန်းခဲ့ကြောင်း မျက်မြင်တွေ့ရှိသူက ပြောကြားသည်။ ယင်း လေယာဉ်ပေါ်တွင် လူနှစ်ဦးပါရှိပြီး သေဆုံးသွားသည့် ဆယ်ကျော်သက်ရွယ် လူငယ်မှာ လေယာဉ်ပျက်ကျသော နေအိမ်မှဖြစ်သည်။ လူငယ်၏ မိသားစုမှာ ခရီးသွားနေသည်ဟုဆိုသည်။

***အင်တာနက်။***

**အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ရိုစ်ဗယ်လီမြို့တွင် ကျွမ်းထိုးပျံသန်းသည့် လေယာဉ်ငယ်ပျက်ကျပြီးနောက် မီးလောင်နေသည်ကို ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ငှက်ဖျားရောဂါကာကွယ်ဆေး မကြာမီထုတ်လုပ်နိုင်မည်

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၃**

လာမည့် ငါးလတာကာလအတွင်း ငှက်ဖျားရောဂါကာကွယ်ဆေးတစ်မျိုးကို ထုတ်လုပ်နိုင်တော့မည်ဟု မိမိတို့ ယုံကြည်ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

ဩစတြေးလျ သိပ္ပံပညာရှင်များသည် ငှက်ဖျားရောဂါကာကွယ်ဆေးသစ်အတွက် လူသားများနှင့် စမ်းသပ်မှုပြုလုပ်ရန် ပြင်ဆင်လျက်ရှိကြသည်။

မိမိတို့သည် ငှက်ဖျားရောဂါကာကွယ်ဆေးသစ်ကို တစ်နှစ်အတွင်း စမ်းသပ်မှုစတင်မည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ ကွင်းစလန် ဆေးသုတေသနကောလိပ်မှ သုတေသီများက ထုတ်ပြန်ကြေညာသည်။ သုတေသီများသည် ငှက်ဖျားရောဂါဖြစ်စေနိုင်သော ရောဂါပိုးလေးမျိုးအနက် တစ်မျိုးထက်မနည်းအား ကာကွယ်ဆေးသစ်က ဟန့်တားပေးနိုင်ပုံကို တိရစ္ဆာန်များဖြင့် စမ်းသပ်ကြည့်ရာတွင် လေ့လာတွေ့ရှိရသည် ဆို၏။

ခြင်ကိုက်မှုကြောင့် ဖြစ်ပွားရသည့် ငှက်ဖျားရောဂါမှာ ကပ်ပါးပိုးရောဂါတစ်မျိုးဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းတွင် ငှက်ဖျားရောဂါကြောင့် လူပေါင်း နှစ်သန်းခန့် သေဆုံးရလေ့ရှိသည်။ တစ်နည်းအားဖြင့်ဆိုသော် ၁၅စက္ကန့်လျှင် လူတစ်ဦးနှုန်း ငှက်ဖျားရောဂါကြောင့် သေဆုံးရသည်။

ငှက်ဖျားရောဂါ ကာကွယ်ဆေးသစ်ကို စမ်းသပ်ရာတွင် အဆင့်သုံးဆင့်ခွဲခြား၍ စမ်းသပ်သွားမည်ဖြစ်ကြောင်း၊ အကယ်၍ ပထမအဆင့်အောင်မြင်မည်ဆိုပါက ငှက်ဖျားရောဂါကာကွယ်ဆေးကို မကြာမီမှာပင် ထုတ်လုပ်လာနိုင်ဖွယ်ရှိကြောင်း ပါမောက္ခဂွတ်ဒ်က ပြောကြားသည်။

ငှက်ဖျားရောဂါ ကာကွယ်ဆေးသစ် ပေါ်ပေါက်လာမည်ဆိုပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် တတိယကမ္ဘာ့နိုင်ငံများရှိ ပြည်သူများထံသို့ အခမဲ့ဖြန့်ချိပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

# ဩစတြေးလျနိုင်ငံသား မူးယစ်မှောင်ခို နှစ်ဦးကို အင်ဒိုနီးရှားတွင် ပြစ်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်

**ဂျကာတာ ဖေဖော်ဝါရီ ၁၃**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ တရားရုံးသည် ဩစတြေးလျနိုင်ငံသားနှစ်ဦးကို ဘိန်းဖြူမှောင်ခို ခိုးထုတ်ရန်ကြိုးပမ်းမှုဖြင့် တရားစွဲဆိုခဲ့ပြီးနောက် တနင်္လာနေ့တွင် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်သည်။ အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ကိုးဦးပါဝင်သည့် အုပ်စုသည် ရှစ်ကီလိုဂရမ်ရှိ ဘိန်းဖြူများကို မှောင်ခိုခိုးထုတ်ရန် ကြိုးပမ်းမှုဖြင့် စွဲချက်တင်ခံခဲ့ရပြီး ၎င်းတို့နှစ်ဦးသည် ပထမဆုံးပြစ်ဒဏ် စီရင်ခံရသူများဖြစ်သည်။

ပြစ်ဒဏ်ချမှတ်ခံရသူနှစ်ဦးသည် ရီနေးလောရင့်နှင့် စကော့ရပ်ချ်တို့ဖြစ်ပြီး ဘိန်းဖြူထုပ်များကို ကိုယ်ခန္ဓာတွင် ရစ်ပတ် သယ်ဆောင်လာပြီး ဌာနေဩစတြေးလျနိုင်ငံသို့ လေယာဉ်ဖြင့် ထွက်ခွာရန် ကြိုးပမ်းစဉ် အင်ဒိုနီးရှား ရဲအရာရှိများက ရှာဖွေဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

# ဂျပန်မြောက်ပိုင်း၌ရေခဲတောင်ပြိုကျ ရေပူစမ်းစခန်း လုပ်သားသေဆုံး

တိုကျို ဖေဖော်ဝါရီ ၁၃

***ဂျပန်နိုင်ငံ မြောက်ပိုင်း၌ သောကြာနေ့တွင် ရေခဲတောင်ပြိုကျမှုကြောင့် တစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း ကျိုဒိုသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။ ဂျပန်နိုင်ငံ အာကီတာပြည်နယ် ဆမ်ဘိုကူမြို့တွင် ရေခဲတောင်ပြိုကျမှုကြောင့် အလျားမီတာ ၅၀၀နှင့် အမြင့်မီတာ ၃၀ ရှိ ဧရာမရေခဲတုံးတစ်ခု တောင်ပေါ်မှ အရှိန်ဖြင့်လိမ့်ဆင်းလာခဲ့ရာ တောင်ခြေရှိ ရေပူစမ်းအပန်းဖြေစခန်းကို ထိမှန်ခဲ့သည်။ သေဆုံးသွားသော အမျိုးသားတစ်ဦးမှာ ဆီးနှင်းခဲများကို ရှင်းလင်းပေးရန် ရေပူစမ်းစခန်းက ငှားရမ်းထားသည့် အလုပ်သမားတစ်ဦးဖြစ်သည်။***

*အမ်အင်အေ၊ဆင်ဟွာ။*

**သီရိလင်္ကာနိုင်ငံတွင် ဆင်ပြိုင်ပွဲကျင်းပနေသည်ကို ဖေဖော်ဝါရီ ၁၁ ရက် က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ထိန်းသိမ်းစရိတ်ရရှိရေး ဆင်ဖျော်ဖြေပွဲကျင်းပ

**ကိုလံဘို ဖေဖော်ဝါရီ ၁၃**

ဆင်များအတွက် ထိန်းသိမ်းစရိတ်ရရှိရန် ရည်ရွယ်လျက် စီစဉ်ကျင်းပသော ဆင်ဖျော်ဖြေပွဲကို သီရိလင်္ကာနိုင်ငံ မြို့တော် ကိုလံဘိုတွင် စနေနေ့ကကျင်းပသည်။ ဆင်ဖျော်ဖြေပွဲအဖြစ် ဆင်များ အပြေးပြိုင်ခြင်း၊ လွန်ဆွဲခြင်း၊ ပိုလိုကစားခြင်း၊ ရိုးရာအိုးစည်ဗုံမောင်း တေးသံနှင့်အတူ ကပြအသုံးတော်ခံခြင်းပြုလုပ်ရာ ကလေးပရိသတ်များက ဆူညံစွာ ဟစ်အော်အားပေးခဲ့ကြသည်။ ဆင်ယဉ်ပိုင်ရှင်များအသင်းက ကြီးမှူးကျင်းပသော ဆင်ဖျော်ဖြေပွဲမှ ရန်ပုံငွေဒေါ်လာ ၂၀၀၀ခန့်ရရှိပြီး ဆင်ထိန်းသိမ်းရေး စရိတ်စကများအတွက် ကျခံသုံးစွဲသွားမည်ဖြစ်သည်။

လွန်ခဲ့သည့် ရာစုနှစ်တစ်စုက သီရိလင်္ကာနိုင်ငံ တောတွင်း၌ ကျင်လည်ကျက်စားသည့် ဆင်ကောင်ရေမှာ ၁၀၀၀၀ မှ ၁၅၀၀၀ အထိရှိခဲ့သော်လည်း ယနေ့ကာလတွင် သီရိလင်္ကာနိုင်ငံ၌ ဆင်ကောင်ရေ ၃၀၀၀ခန့်မျှသာ ကျန်ရှိတော့ကြောင်း သိရှိရသည်။ ယင်းမှာ ဆင်များကို ဥပဒေမဲ့ ခိုးဝှက်သတ်ဖြတ်ခြင်းနှင့် ၎င်းတို့၏ နေထိုင်ကျက်စားရာ နေရာဒေသများ ကျဉ်းမြောင်း လျော့နည်းလာခြင်းကြောင့်ဖြစ်သည်။

***အင်တာနက်။***



# တပို့တွဲနှင့် ထမနဲ

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

**"ထန်းရည်နင်း ပေါက်ကင်းတဲ့လဲငုံ**
**ဆက်ရက်ကယ် သာရကာနှင့်**
**ရော်ရွက်ဝါ တမာန**
**လွမ်းသူ့ပူပုံ။**
**စရိုက်ကယ်လှို**
**ပင်မြို့မြင့်သိုက်နန်း။**
**ထွက်စီးငယ်ဝှန်**
**ကျောက်စက်ကယ် ရေတံခွန်နှင့်**
**ဟေမဝန် သာယာနုပါဘိ**
**ယွန်းလုနွှေဆန်း။"**

(ဦးကြင်ဥ)

ဆောင်းကုန်၍နွေကူးတော့မည်။ တပို့တွဲလသို့ ဝင်ရောက်လာပြီဆိုလျှင် ရာသီအခြေအနေတို့ ပြောင်းလဲလာပါတော့သည်။ မြိုင်ခြေတောတန်းတွင် ရွက်ရင့်တို့ကြွေ၍ သာရကာကျေးငှက်နှင့် ဆက်ရက်တို့ကလည်း မြူးထူးလာကြသည်။

တပို့တွဲလသည် မြန်မာလများတွင်တစ်ဆယ့်တစ်လမြောက်ဖြစ်ပြီး ဆောင်းရာသီ၏ နောက်ဆုံးအချိန်ပိုင်းဖြစ်၍ အလွန်ချမ်းအေးသောလဖြစ်ပါသည်။ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ကျရောက်ပါသည်။

တပို့တွဲလ၏ ရာသီပွဲတော်များမှာ မီးပုံပွဲတော်နှင့် ထမနဲပွဲတို့ဖြစ်ကြသည်။ တပို့တွဲလပြည့်ကျော် ၁၁ ရက်မှ တပေါင်းလဆန်း ၄ ရက်အထိ ရှစ်ညသည် ဆောင်းရာသီ၏ အအေးဆုံးညများအဖြစ် သတ်မှတ်ထားသည်။ ရှေးစာဆိုပညာရှင်များ၏ အဆိုအရ ယင်းရှစ်ညသည် ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသဖြင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပင် မီးအိုးကင်းတွင် ရွှေလက်တော်တင်ကာ မီးလှုံတော်မူခဲ့ဖူးသည်ဟု သိရသည်။ ထို့ကြောင့်ပင် ရှေးမြန်မာမင်းနှင့် ရဟန်းရှင်လူတို့သည် တပို့တွဲလတွင် မီးအလှူ(ဝါ) မီးကုသိုလ်ပြုပွဲ (မီးပုံပွဲ)ကို ကျင်းပခြင်းဖြစ်သည်ဟု အဆိုရှိခဲ့ပါသည်။ မီးပုံပွဲသည် ပုဂံခေတ်ကပင် ရှိခဲ့သော ရာသီပွဲတော်ဖြစ်ပါသည်။ မျက်မှောက်ခေတ်၌ ရှင်သန်နေသော ရာသီပွဲတော်မှာ ထမနဲပွဲသာ ဖြစ်ပေသည်။ ထမနဲပွဲကို တစ်ဦးတစ်ယောက်မှသည် အစုအဖွဲ့ဖြင့် ပြိုင်ပွဲ သဏ္ဌာန် ဆောင်ရွက်ကြလျက်ရှိပါသည်။ ထမနဲပွဲကို ညောင်ရမ်း (ဒုတိယအင်းဝခေတ်)နောက်ပိုင်းတွင် စတင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

တပို့တွဲလသည် အအေးဓာတ်ပိုကဲသော အချိန်ဖြစ်၍ ကလေးသူငယ်များ အအေးမိ နှာစေးတတ်သည်။ ထို့ကြောင့် **"နှာရည်ယိုရွဲ၊ တပို့တွဲ"**ဟု ဆိုစမှတ်ပြုကြသည်။ ဤသို့ချမ်းအေးသောလအခါတွင် မြန်မာပြည်အနှံ့အပြား၌ ထမနဲထိုးပွဲများ ပြုလုပ်လေ့ရှိကြပါသည်။ ထမနဲကို အချို့က နှမ်းမနဲဟူ၍ ခေါ်ဝေါ်ကြသည်။

ထမနဲသည် ကောက်ညှင်းဖြင့်ပြုလုပ်ရသော စားစရာမုန့် တစ်မျိုးဖြစ်သည်။ ကောက်ညှင်းကို ကျက်နေအောင်ပြုပြီးမှ စေးကပ်သွားအောင် နယ်ရ၊ နှံ့ရသဖြင့် **"ထမင်းနှံ့"**ဟု ခေါ်သည်။ ထမင်းနှံ့ကို လွယ်ကူအောင် အသံထွက်သောအခါ **"ထမနဲ"**ဟု ဖြစ်လာသည်။ ထို့ကြောင့် အသံထွက်သည့်အတိုင်း ရေးသားဖတ်မှတ်သည့် အလေ့ဖြစ်ပေါ်လာပြီး စာရေးသည့်အခါတွင်လည်း ထမနဲဟုပင် ရေးသားလေ့ရှိကြပါသည်။

ထမနဲထိုးရာတွင် ဆီကိုအသုံးပြုရသည်။ ချင်း၊ အုန်းသီးစိတ်၊ မြေပဲ၊ နှမ်းနှင့် ဆားတို့ ပါဝင်သည်။ ယင်းတို့အားလုံးကို စေးကပ်၍ တွဲသွားအောင် ယောက်မကြီးများဖြင့် နှံ့ရ၊ နယ်ရသည်။ ဒယ်အိုးထဲတွင် ထမနဲ ဖြစ်အောင် ထိုးရသောအလုပ်သည် လွယ်ကူသောအလုပ် မဟုတ်ပေ။ သန်စွမ်းသော ယောကျာ်းကြီးများပင် ချွေးပေါက်ပေါက်ကျအောင် အင်အားစိုက်ထုတ်၍ လုပ်ရသည်။ ထို့ကြောင့် ဆောင်းတွင်းနှင့် ထမနဲထိုးသည့် အလေ့အထသည် လိုက်ဖက်လှပါသည်။ အအေးဓာတ် အချမ်းဓာတ်တို့ အနားမကပ်နိုင်အောင် ကိုယ်လက်လှုပ်ရှား လုပ်ကိုင်ရသောကြောင့် ဖြစ်သည်။

ထမနဲထိုးပြီးသောအခါ ဘုရားတွင် ဆွမ်းတော်ကြီးကပ် ကြသည်။ ဘုန်းကြီးကျောင်းများသို့ သွားရောက်၍ ထမနဲဆွမ်းကပ် လှူကြသည်။ ထမနဲထိုးသူများနှင့် ရပ်ရွာအတွင်းရှိ မိတ်ဆွေသင်္ဂဟများအား ဝေငှကျွေးမွေးကြသည်။ စုပေါင်းလုပ်၍ စုပေါင်းစားသောက်ကြသော မြန်မာတို့၏ နှစ်သက်မြတ်နိုးဖွယ် ဓလေ့ပင် ဖြစ်ပါသည်။

တပို့တွဲလသည် ဟေမန်ရာသီ ကုန်လုလုဖြစ်၍ ဂိမှာန်ရာသီဦးသို့ ကူးပြောင်းတော့မည်ဖြစ်သည်။ ထို့ကြောင့်လည်း လူးတားစာဆို ဦးယာက–

**"မြိုင်ခြေရိပ်ခွင်၊ ရွက်ရင့်ဝင်၍**
**ဆီးရှင်နှင်းရှင်၊ သန်ကြွင်းဆင်သည်၊**
**ရွှေသွင်နီမြန်း၊ ပေါက်ဆူးပန်းတို့**
**ထူးဆန်းလှတင့်၊ ရိုးတံမြင့်နှင့်**
**ပွင့်ကြစီစီ၊ ကုံရာသီ။"** ဟု ဖွဲ့ဆိုခဲ့သည်။

တပို့တွဲလ၏ ရာသီပန်းမှာ ပေါက်ပန်း၊ လဲပန်းတို့ဖြစ်ကြသည်။ ထို့ကြောင့်လည်း **"တပို့တွဲ၊ ပေါက်လဲငုံစီစီ၊ ဖူးတံကချီ"** ဟု ကဗျာတေးအသွင်ဖြင့် ရေးဖွဲ့ခဲ့ကြခြင်း ဖြစ်ပါသည်။ ရတုတံခွန်စိုက် နဝဒေးကြီးက ပေါက်ပန်းကို အလွန်နှစ်သက်တတ်သူဖြစ်၍ **"မြတ်ရတုလျှင်"** ချီရတုပိုဒ်စုံတွင်–

**"ရွှေသားနီမြန်း၊ ရဟန်းနှင့်ဆင်**
**မာတင်ပေါက်ကြီး၊ တည်တစီးနှင့်**
**တသီးဦးထုပ်၊ တရုပ်မြင်းက**
**ကျေးသူဝနှင့်၊ ဖော်တင့်ဖူး**
**လျော်ကားဦးသို့၊ တလူးထွေလာ**
**ပန်းတကာတွင်၊ နှိုင်းရာမတူ**
**ခိုင်မဇ္ဈူ..."** ဟူ၍ ပေါက်ပန်းကို ပဟေဠိပြုကာ ဖွဲ့ဆိုခဲ့သည်။

ဤပဟေဠိအဖွဲ့မျိုးကဲ့သို့ပင် ပေါက်ပင်ကိုဖွဲ့သော ပဟေဠိတစ်မျိုးမှာ "ဟတ္ထိ ဒန္တေ၊ သီသေကာက နကာက၊ ကာယ ဘိက္ခု" ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ဆင်၏အစွယ်နှင့်တူသော်လည်း ဆင်စွယ်မဟုတ်၊ ကျီး၏ဦးခေါင်းနှင့်တူသော်လည်း ကျီးဦးခေါင်းမဟုတ် ဟူ၍ ဖြစ်သည်။ ပေါက်ပွင့်ကိုကြည့်လျှင် ပေါက်ပွင့်၏ အရောင်သည် နီလွင်သည်။ ပွင့်လွှာကို နွာကြည့်လျှင် အတွင်းမှဆင်စွယ်နှင့်တူသော အရိုးတံကို တွေ့ရသည်။ အပွင့်၏ထိပ်အညှာမှာ ကျီးဦးခေါင်း နှင့်တူသည်။ ဦးယာကသူ၏ ဆယ့်နှစ်ရာသီ အဖြည့်ခံရတုတွင် '**ဝန်းမြောင်ပတ်ကုံး၊ ရှုမဆုံးအောင်၊ မီးပုံပွဲနှင့်၊ ယှဉ်၍ပွင့်သား၊ ပင်မြင့်နီမြန်း၊ သည်လပန်း"** ဟု ပေါက်ပန်းကို ဤသို့ အမြင်ဆန်းစွာ ဖွဲ့ဆိုထားသည်။

တပို့တွဲလတွင် ပေါက်ပန်း၊ လဲပန်းများ ပွင့်ကြသည်။ ရွာစည်းရိုးနားတွင်လည်းကောင်း၊ လယ်ကွင်းများ အလယ်တွင်လည်းကောင်း ပေါက်ပင်၊ လဲပင်များကို တွေ့ရလေ့ရှိပါသည်။ တစ်မျိုးစီကြည့်၍ ကောင်းသည်။ နီရဲသောအပွင့်ကြောင့် အမြင်အာရုံကို ဆွဲဆောင်နိုင်စွမ်းရှိသည်။ ပေါက်ပင်၏ အရွက်တို့က စိမ်း၍ အပွင့်တို့ကမူ တွတ်တွတ်နီနေပါသည်။

ကုံရာသီတပို့တွဲတွင် ပေါက်လဲတို့ ပွင့်ဖူးသကဲ့သို့ ထန်းသမားတို့ကလည်း ထန်းပင်မှ ထန်းရည်ထွက်အားကောင်းအောင် ပြင်ကြလေသည်။

**"သတ္တဗိသျှ၊ နက္ခတ္တနှင့်**
**ယှဉ်ကြမလွဲ၊ တပို့တွဲ၌**
**ပေါက်လဲငုံကင်း၊ ထန်းရည်ငယ်နင်းကြသည်**
**နှင်းထုံထုံငယ်နှင့်လေး"**

စာဆိုတော်မယ်ခွေက တပို့တွဲလသည် ထန်းရည်နင်းသောလ ဖြစ်ကြောင်း မိမိ၏အဲချင်းတွင် ထည့်သွင်း ဖွဲ့ဆိုထားသည်။ ထန်းရည်နင်းသည်ဆိုခြင်းမှာ ဤလတွင် ထန်းပင်ရှိ ထန်းလက်၊ ထန်းခက်တို့ကို ခုတ်ထစ် ရှင်းလင်းကာ ထန်းရည်ခံရန်ပြုပြင်ခြင်း ဖြစ်ပါသည်။ ဝန်ကြီးပဒေသရာဇာက တပို့လတွဲတွင် ထန်းရည် နင်းပုံကို ထန်းတက်သမား ဘွဲ့တျာချင်း၌–

**"နွေဦးကာလ၊ မြူထသောခါ**
**ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ**
**ဓားနီးထက်စွာ၊ ခါးမှာချပ်လျက်**
**ထန်းပွင့်ထန်းခိုင်၊ ရှန်းမြိုင်မြိုင်**
**ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး။**
**ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ**
**စင်အောင်ခုတ်ထစ်၊ နမျစ်ကယ် ထန်းဦးရည်**
**မယားငယ်ဆွေ၊ ထန်းရည်သိမ်းဆည်း**
**သားမြေးဟစ်ကြော်၊ ခွေးဝက်ကယ်ခေါ်**
**ထန်းလျှော်သာ ယုန်ပိုက်စည်းငယ်နှင့်လေး။"** ဟု ဖွဲ့ဆိုခဲ့သည်။

တပို့တွဲလဟူသည် ထန်းပင်မှ ထန်းပိုးများ တွဲနေသော လဖြစ်သဖြင့် ထန်းပိုးတွဲလမှ တပို့တွဲလဟု အမည်ပြောင်းလဲခေါ်ခြင်းဖြစ်သည်။

တပို့တွဲလ၏ ရာသီပွဲတော်မှာ မီးပုံပွဲတော်ဖြစ်သည်။ လက်ဝဲသုန္ဒရအမတ်ကြီး၏ သာဓိနပျို့တွင် တစ်ဆယ့်နှစ်ရာသီပွဲတော်များကို ပြဆိုရာ၌ **"သဘင်မီးပုံ၊ ဂူလုံးသဲပုံ"**ဟု ဆိုခဲ့ပါသည်။ ဆီသည်ရွာစား ဦးအောင်ကြီးက ၎င်း၏ လူးတားတွင် **"ယာဂုအဖျော်၊ ပူဇော်ရှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးပုံသဘင်"**ဟု ဖော်ပြထားသည်။

တပို့တွဲလတွင် လယ်ကွင်းများမှာ ကောက်ရိတ်သိမ်းကြပြီး ဖြစ်ပါသည်။ တောင်သူလယ်သမားများအတွက် လုပ်အား၏ အသီးအပွင့်ကို ဆွတ်ယူစားသုံးချိန် ရောက်ပြီဖြစ်ပါသည်။ ကောက်သစ်ပေါ်စ တပို့တွဲလတွင် ထမနဲ အလှူပွဲများ အနယ်နယ်အရပ်ရပ်၌ ပြုလုပ်ကြပါသည်။ "ထမနဲပွဲ" ကျင်းပနေခြင်းသည် မီးပုံပွဲနှင့် သဘောထားချင်း နီးနွယ်နေပါသည်။

ကျမ်းဂန်များကို လေ့လာလျှင် ဤလရာသီတွင် ရှင်အာနန္ဒာသည် ဘုရားသခင်အားအချမ်းတော်သက်သာစေရန်ဒုကုဋ်တော်လွှမ်းပေးကြောင်း တွေ့ရှိရပါသည်။ ဤသည်ကို ရည်ရွယ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် တပို့တွဲလတွင် နံ့သာထင်းများဖြင့် မီးပူဇော်ခြင်း ပြုလုပ်လေ့ရှိကြသည်။

အာကာယံကောင်းကင်ထက်၌ စန္ဒာလမင်းကြီးနှင့် မာဃနက္ခတ်တို့ရှင်စံရာ တပို့တွဲလတွင် ရဟန်းသံဃာတော်မြတ် တို့အားယာဂုပွဲဖြင့် ဆက်ကပ်မြဲဖြစ်သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်များသည် အများအားဖြင့် ဘာသာရေးကိုအခြေခံ၍ ကုသိုလ်ရရေး၊ ပျော်ရွှင်ရေးတို့ကို အဓိကဦးတည်ချက်ထားကြပေသည်။ မီးပုံပွဲတော်၏အခြေခံဦးတည်ချက်မှာလည်း ထိုနည်းအတိုင်းပင်ဖြစ်ပါသည်။ ထမနဲပွဲကား အခြားပွဲတော်များထက်ထူးခြားပါသည်။ ကုသိုလ်ရေးသာမက ကျန်းမာပျော်ရွှင်ရေးကိုပါ အဓိက ဦးတည်ချက်ထားကြောင်း တွေ့ရပါသည်။ အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုသကဲ့သို့ အေးမြသောဟေမန္တဥတု၊ သိသိရ ဥတုမျိုးတွင် ထမနဲသည် ဆေးဖက်ဝင်သောအစာဖြစ်သည်ဟု ရှေးမြန်မာ့ဆေးပညာရှင်ကြီးတို့ကဆိုပါသည်။ ထမနဲသည် ဆီနိုင်၍ အပူစာချည်းလိုလိုပါဝင်သောအစာဖြစ်သည်။ တပို့တွဲလကား အလွန်အေးမြ၍ အဆီခြောက်ခန်းချိန် ဖြစ်သည်။ သည်လတွင် ဆီနိုင်သော အပူစာထမနဲကို သုံးဆောင်ပါက အသားအရည်စိုပြည်စေ၍ အပူဓာတ်ရလာ နိုင်သည်ဟု ဆိုပါသည်။ 'မဟာနရီကွန်ချာ' ဆေးကျမ်း၌လည်း ပထဝီပျက်သူများ ထမနဲစားသင့်သည်ဟု ပါရှိပေသည်။

ယနေ့အချိန်အခါတွင် မန္တလေး၊ ရွှေဘို စသည့်အညာဒေသရှိ အချို့အရပ်များ၌ တပို့တွဲလဆန်းလာလျှင် တောထဲသို့သွား၍ သနပ်ခါးထင်းများခုတ်ကာနေပူလှန်းထားကြသည်။ တပို့တွဲလပြည့်နေ့သို့ ရောက်သောအခါ ခြောက်နေပြီဖြစ်သော နံ့သာထင်းများကို စေတီပုထိုးရုပ်ပွားတော်များရှေ့၌ စေတီသဏ္ဌာန်၊ ပြာသာဒ်သဏ္ဌာန် စုပုံကာ စနစ်တကျမီးပူဇော်ကြသည်။ မီးကုသိုလ်၊ မီးအလှူပြုကြပါသည်။

တပို့တွဲလကို ဗေဒင်အခေါ်အားဖြင့် ကုံရာသီဟုခေါ်ပါသည်။ ထိုရာသီ တွင် မာဃနက္ခတ်စန်းနှင့်ယှဉ်၍ မွန်းတည့်သည်။ ရာသီရုပ်မှာ ရေထမ်းသမားရုပ်ဖြစ်၍ ရာသီပန်းမှာပေါက်ပွင့်၊ လဲပွင့်၊ လက်ပံပွင့်နှင့်ဆူးပန်းပွင့်တို့ဖြစ်ကြသည်။ ယင်းလတွင် မီးပုံပွဲနှင့် ထမင်းနှံ့(ထမနဲ)ပွဲတို့ကို ရာသီပွဲအဖြစ် ကျင်းပလေ့ရှိကြပါသည်။ ညတာသည်နေ့တာထက်ပိုရှည်ပါသည်။ ရက်မစုံသောလဖြစ်၍ ရက်ပေါင်း ၂၉ရက်သာ ရှိပါသည်။ ထို့ကြောင့် ကင်းဝန်မင်းကြီးက အောက်ပါသံပေါက်တိုကလေးကို စပ်ဆိုခဲ့ခြင်းဖြစ်ပါသည်–

**"တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ။**
**ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ။"**

သို့ဖြစ်ရာ တပို့တွဲလတွင် ကျင်းပသော ထမနဲပွဲနှင့်မီးပုံပွဲတို့သည် ဥတုရာသီနှင့် လိုက်လျောညီထွေရှိလှပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ॥

ထမနဲထိုးရာတွင် ဆီကိုအသုံးပြုရသည်။ ချင်း၊ အုန်းသီးစိတ်၊ မြေပဲ၊ နှမ်းနှင့် ဆားတို့ ပါဝင်သည်။ ယင်းတို့အားလုံးကို စေးကပ်၍ တွဲသွားအောင် ယောက်မကြီးများဖြင့် နှံ့ရ၊ နယ်ရသည်။ ဒယ်အိုးထဲတွင် ထမနဲ ဖြစ်အောင် ထိုးရသောအလုပ်သည် လွယ်ကူသောအလုပ် မဟုတ်ပေ။ သန်စွမ်းသော ယောကျာ်းကြီးများပင် ချွေးပေါက်ပေါက်ကျအောင် အင်အား စိုက်ထုတ်၍ လုပ်ရသည်။ ထို့ကြောင့် ဆောင်းတွင်းနှင့် ထမနဲထိုးသည့် အလေ့အထသည် လိုက်ဖက်လှပါသည်။ အအေးဓာတ် အချမ်းဓာတ်တို့ အနားမကပ်နိုင်အောင် ကိုယ်လက်လှုပ်ရှား လုပ်ကိုင်ရသောကြောင့် ဖြစ်သည်။ ထမနဲထိုးပြီးသောအခါ ဘုရားတွင် ဆွမ်းတော်ကြီးကပ် ကြသည်။ ဘုန်းကြီးကျောင်းများသို့ သွားရောက်၍ ထမနဲဆွမ်း ကပ်လှူကြသည်။

# မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်ပြီးမြောက်ခြင်း ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ရန်ကုန်မြို့ ဓမ္မရက္ခိတကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာဝိဇယစေတီတော် (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်ပြီးမြောက်ခြင်းအတွက် ရေစက်ချမင်္ဂလာအခမ်းအနားနှင့် ဒုတိယအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီတွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။**

ရှေးဦးစွာ မဟာဝိဇယစေတီတော်၌ ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပရာ နိုင်ငံတော် သံဃမဟာ နာယက ဆရာတော်ကြီးများ၊ မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒ စရိယ ဆရာတော်ကြီးများ၊ ဗဟန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့မှ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ သာသနာရေး ဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းကျော်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားကို စေတီတော်ရင်ပြင်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် မဟာဝိဇယ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒ စရိယ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။

(သတင်းစဉ်)

## အရှင်သုန္ဒရ တရားပွဲများ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်း(ရှမ်းလမ်း) အောင်မင်္ဂလာသိဒ္ဓိ စာသင်တိုက်ကြီး၏ (စာချနာယက) ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဟင်္သာတ အရှင်သုန္ဒရ သည် တပို့တွဲလဆုတ် ၅ရက်မှ တပေါင်းလဆန်း ၄ရက်ထိ ကယားပြည်နယ် ဖယ်ခုံ၊ တပေါင်းလဆန်း ၄ရက်မှ ၁၀ရက်ထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ တပေါင်းလဆန်း ၁၃ရက်မှ လဆုတ် ၄ရက်ထိ ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် သံပရာချောင်း၊ တပေါင်းလဆုတ် ၉ရက်မှ လကွယ်နေ့အထိ မော်ဘီမြို့နယ် မြောင်းတကာ တရားစခန်းပွဲနှင့် သင်္ကြန်အထူးစခန်းပွဲကို မြဝတီမြို့ မဟာပါသာန ကျောက်လုံးကြီးကျောင်းတိုက် အဖွဲ့ခွဲ(၃၁၂)တို့တွင် ဝိပဿနာတရားတော်များဟောကြားပြသမည်ဖြစ်သည်။ (က-ပ)

**သဃ်္ဃန်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၁၀၆)ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က စေတီတော်ရင်ပြင်၌ ကျင်းပရာ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းပေါင်း ၁၈၆ကျောင်းမှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင် ၃၆၅ပါးတို့အား ငွေကျပ် ၁၈သိန်းကျော်တန်ဖိုးရှိ ဆွမ်းဆန်တော်များကို မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ(ဆင်မင်း) ဦးတင်ရွှေနှင့် ဂေါပကအဖွဲ့ဝင်များက လောင်းလှူကြစဉ်။** (၅၀၆)

## ယဉ်ကျေးမှုအခြေပြု သင်တန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၃)ရပ်ကွက် ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ၏ သတ္တမအကြိမ် နွေရာသီယဉ်ကျေးမှုအခြေပြုသင်တန်းကို မတ် ၁၂ ရက်မှ ဧပြီ ၉ရက်အထိ ဩဝါဒါစရိယ ဘဒ္ဒန္တ သုမင်္ဂလအား အမှူးထား၍ ပဓာန နာယက ဆရာတော် ဒေါက်တာအရှင် ဓမ္မပီယ(သာသနဓဇ ဓမ္မာစရိယ Ph.D, U.S.A)နှင့် ဝန်ဆောင် သံဃာတော် အရှင်မြတ်များက ဦးစီး၍ သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်တန်းသားများကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ လက်ခံသွားမည်ဖြစ်သည်။

သင်တန်း တက်ရောက်ကြမည့် ရှင်သာမဏေနှင့် သိက္ခာရှင်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ရေ၊ မီး၊ ဆေးများအတွက် လှူဒါန်းလိုပါက ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ ဖုန်း-၅၇၁၃၁၂၊ ၅၆၂၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့၏ လုပ်ငန်းစဉ်ရှင်းလင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံအရှေ့စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားပြီး ခရိုင်အတွင်းရှိ မြို့နယ်များမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၁၄၀၀ကို လက်ခံရယူသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က ၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ၂၀၀၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်သည့် သုံးသပ်ချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ဧည့်သည်များသည် ခန်းမအပြင်၌ ပြသထားသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အတွင်းရှိ မြို့နယ် ၁၄မြို့နယ်မှ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

## စက်ရေတွင်းဖွင့်ပွဲ မြင်းခြံမြို့နယ်၌ ကျင်းပ တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ထွက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြင်းခြံမြို့နယ် ထနောင်းကုန်းကျေးရွာအုပ်စု တောင်ပို့သာကျေးရွာ၌ ကြက်ဆူဆီဖြင့် စမ်းသပ်အသုံးပြုမောင်းနှင်သော စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၈နာရီခွဲတွင် တောင်ပို့သာကျေးရွာ စက်ရေတွင်းရှေ့ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စက်ရေတွင်းမှာ လေးလက်မ စက်ရေတွင်းဖြစ်ပြီး 8/10 HP အင်ဂျင်နှင့် လေးလက်မ နှစ်လုံးထိုး လေမှုတ်စက်တပ်ဆင်ထားရှိကာ တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ထွက်ရှိသည်။ ယင်းစက်ရေတွင်းမှာ ရေထွက်နှုန်းကောင်းမွန်၍ ဒီဇယ်ဆီအစား ကြက်ဆူဆီဖြင့် အစားထိုးမောင်းနှင်နိုင်ပြီးကျေးရွာနေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေကို ရရှိခြင်းကြောင့် ကျေးရွာပြည်သူများ ဝမ်းမြောက်လျက်ရှိသည်။ (သတင်းစဉ်)

## မီးဘေးကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် ဘိုကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၀ရက်က ဘိုကုန်းရပ်ကွက်နှင့် သီရိမင်္ဂလာရပ်ကွက်အတွင်း မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဆွေဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘိုကုန်းရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဘိုကုန်းရပ်ကွက်နှင့် သီရိမင်္ဂလာ ရပ်ကွက်နယ်မြေအတွင်း တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဆွေဝင်းနှင့် အဖွဲ့သည် ရပ်ကွက်အတွင်းရှိ မိဘပြည်သူများအား တွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်နှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို အသေးစိတ်ဆွေးနွေးပညာပေးဟောပြောကြသည်။ ယင်းနောက် နေအိမ်အသီးသီးတွင် မီးချိတ်မီးကပ်များနှင့် မီးသုံးစွဲမှုများ ဂရုတစိုက် သတိမူကြရန်မှာကြားသည်။

**(အပေါ်ဝဲပုံ)** (၃၀၇)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၅-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၂၀ | ၄။ လက်စွမ်းပြပဟန်ဂီတသံ |
| ၄:၃၀ | ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၄၀ | ၆။ မျိုးချစ်တပ်မတော် |
| ၄:၅၀ | ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅:၀၀ | ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၃၀ | ၉။ မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၄၅ | ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၂။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၃။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၅။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချစ်ထုံးရယ်မပြယ်” (အပိုင်း-၁၄)** |
| ၈:၀၀ | ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကောင်းကင်သိုင်းကွက်” (အပိုင်း-၇)** |
| | ၂၂။ သင့်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ။ |

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ရေရှည်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

# သတ်မှတ်ထားသည့် မူဘောင်များအတွင်းမှ မှန်ကန်စွာကြိုးပမ်းဆောင်ရွက် ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်း ကူညီဆောင်ရွက်ပေးသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် ရေရှည်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်များနှင့်အဖွဲ့ဝင်များအား ဆွေးနွေးမှာကြားသည်။**

## တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လောကသားများ၏ အကျိုးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ဆောင်ရွက်ရမည့် ရည်မှန်းချက် (၅)ရပ်နှင့် အညီ ရေရှည်ဆက်လက် ဆောင်ရွက်သွားကြမည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာတွင် ချမှတ်ထားသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဦးဆောင် ကြိုးပမ်းဆောင်ရွက်ရမည့် အခြေခံအချက် (၁၂)ချက်ကို အခြေခံ၍ ဆောင်ရွက်ရန်နှင့် ဖွဲ့စည်းထားရှိသည့် အခြေခံအလွှာများမှ တာဝန်ရှိ သူအားလုံးညှိနှိုင်း တိုင်ပင်ဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ကြရာတွင် သတ်မှတ်ထားသည့် မူဘောင်များ အတွင်းမှ မှန်ကန်စွာဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာန အနေဖြင့်လည်း အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်း ကူညီဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက အစည်းအရုံး၏ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှုဆောင်များက သက်ဆိုင်ရာကဏ္ဍများ အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# ၂၀၀၆ ခုနှစ် မူလတန်းကြို ကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၀၆ ခုနှစ် ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း လူမှုဝန်ထမ်း ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မူလတန်းကြိုကျောင်းများမှ ကျောင်းအုပ်များ၊ ဆရာမများ၊ ပြိုင်ပွဲဝင်ရောက်မည့် မူကြိုရင်သွေးငယ်များနှင့် ၎င်းတို့၏မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ကြမည့် မူကြိုရင်သွေးငယ်များနှင့် ဆရာမများက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဝင်ရောက်နေရာယူကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းက ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

## ရွတ်ဆို

ထို့နောက် ပြိုင်ပွဲဝင်ရောက်မည့် မူကြိုရင်သွေးငယ်များက အားကစားအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ယင်းနောက် မူကြိုရင်သွေးငယ်များက ရိုးရိုးအပြေးပြိုင်ပွဲ၊ အာလူးကောက်ပြေးပြိုင်ပွဲ၊ အကျီဝတ်ပြေးပြိုင်ပွဲ၊ အရောင်ရွေးပြေးပြိုင်ပွဲနှင့် လက်ဆင့်ကမ်းပြေးပြိုင်ပွဲများကို အသီးသီး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း **(အပေါ်ပုံ)** နှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ကြပြီး ၂၀၀၆ ခုနှစ် ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲအား ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများနှင့် ဆေးရွက်ကြီးအန္တရာယ် ကာကွယ်ရေးအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် အမျိုးသမီးများနှင့် ဆေးရွက်ကြီးအန္တရာယ် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ကျန်းမာရေး လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာအေးနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်လှမြင့်တို့က အဖွင့်အမှာစကားပြောကြားကြသည်။**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရီရီချိုနှင့် ဒေါက်တာဖြူဖြူအေးတို့က ဦးဆောင်၍ အမျိုးသမီးထုအတွင်း ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ကြောင့် ဖြစ်တတ်သော ရောဂါများ၊ ဆယ်ကျော်သက် ကလေးလူငယ် လူရွယ်များအကြား ဆေးလိပ်သုံးစွဲသည့် အလေ့အထ၊ အမူအကျင့်များ ပြုပြင်ပြောင်းလဲရေးများနှင့် အမျိုးသမီးများတွင် ဆေးလိပ်ခိုးငွေ့ ရှူရှိုက်မိပါက မိခင်မှကလေးသို့ ထိခိုက်နိုင်သည့် အန္တရာယ်မှ ကာကွယ်နိုင်မည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။ ဆေးလိပ် ဆေးရွက်ကြီး အန္တရာယ်မှ ကာကွယ်နိုင်ရေး အတွက် ရေရှည်ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေး၍ စီမံချက်များ ချမှတ်ကြသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်း အတွင်းရှိ ခရိုင်လေးခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် ၂၁ ဦး တက်ရောက်ကြပြီး မိမိတို့ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အသီးသီးတွင် ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချမည်ဖြစ်သည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမက (၃၉)၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က ပြုလုပ်ရာ စတုတ္ထတန်း ဘာသာစုံပထမဆုရ မဇင်မာကျော်အား ကျောင်းအုပ်ဆရာကြီး ဦးစောမြတ်လှိုင် ဆုချီးမြှင့်စဉ်။** (ပညာရေး)

## မြင်းမိုရ်ထက်ပင် မြင့်လိမ့်မည်

❍ မြန်မာဟူသည်၊ အမှီအခိုကင်း
ကိုယ့်ပြည်တွင်းအား၊ ကိုယ်အားထား၍
ခွန်အားကျစ်လျစ်၊ အင်အားဖြစ်၏ ...။

❍ မြန်မာသည်ကား၊ သူများနောက်လိုက်
စရိုက်နှံ့နဲ့၊ သိက္ခာမဲ့စွာ
ဘယ်အခါမှမလုပ်၊ လွန်စက်ဆုပ်၏ ...။

❍ မြန်မာဟူဘိ၊ ကိုယ်သွားမည့်လမ်း
ကိုယ်မျှော်မှန်း၍ ...
ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ်တိုင်လျှောက်၏ ...။

❍ မြန်မာ့သမိုင်း၊ အဆက်ဆက်ပိုင်းကြည့်
ကိုယ့်တိုင်းပြည့်အကျိုး၊ ကိုယ်သယ်ပိုး၍
အမျိုးလည်းချစ်၊ မျိုးလည်းစစ်၏ ...။

❍ အပြုသဘော၊ မနောမချို
သပ်သျှိုသွေးခွဲ၊ တစ်စစီကွဲဖို့
ကိုယ့်သွေးကိုယ့်သား၊ သွေးချင်းများကို
ခွဲခြားရန်လို၊ လာမဖြိုနဲ့
ရေကိုသား၍ အကြားမထင်။

❍ ကိုယ့်ပြည်တွင်းရေး၊ သွေးထိုးပေးပြီး
ပြည်ပြေးမိတ်ဖက်၊ လာမစွက်နှင့်
အဖျက်ဟူသမျှ၊ ဆန့်ကျင်ကြလိမ့် ...။

❍ အချုပ်အခြာ၊ ပြည့်အာဏာကို
ပမာမခန့်၊ လာမလှန့်နဲ့
ဟန့်တားတဲ့သူ၊ ဒို့ရန်သူပဲ ...။

❍ ကိုယ့်တိုင်းပြည်ကို၊ ကိုယ့်ထက်ပိုချစ်
ဘယ်သူဖြစ်မလဲ၊ ခေတ်အပိုင်းပိုင်း
သမိုင်းအဆက်ဆက်၊ တွဲသောလက်များ
ပြည်တွင်းအားဖြင့်၊ ဒို့များယူပေး
လွတ်လပ်ရေးသည်၊ သွေးချင်းများစွာ
ခိုင်မာဖွဲ့စည်း၊ အင်အားကြီးသည့်
အသီးတစ်ရာ၊ အညှာတစ်ခု
ပြည်ထောင်စုကို၊ ပုံပြုဆိုသော်
မြင်းမိုရ်ထက်ပင် မြင့်လိမ့်မည်။ ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်...

ဟသ်ာတမြင့်ငွေ

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတပဒေသာကပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

▲ ကာကွယ်ရေးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင်ပျိုးဥယျာဉ်အတွင်း၌ တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ခြစ်စည်းရိုး ကြက်ဆူပင်မျိုးစေ့ ၁၆၀၀၀၀ကျော် တပျော်တပါး ပျိုးထောင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တက်ရောက်လာကြသူများအား ခြစ်စည်းရိုးကြက်ဆူပင် စိုက်နည်းစနစ်မှန်ကန်ရေးနှင့် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးရေး၊ ကြက်ဆူစေ့မှ ဇီဝလောင်စာဆီအဖြစ် အသုံးပြုနိုင်သည့် ကြက်ဆူဆီထုတ်လုပ်နိုင်ခြင်းကြောင့် အပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ပဲခူးတိုင်းအနေဖြင့် ခြစ်စည်းရိုးကြက်ဆူပင်ကို ၂၀၀၆ခုနှစ်တွင် ဧက ၉၇၅၀၀၊ ၂၀၀၇ခုနှစ်တွင် ဧက ၁၉၅၀၀၀၊ ၂၀၀၈ခုနှစ်တွင် ဧက ၂၉၂၅၀၀ စုစုပေါင်းဧက ၅၈၅၀၀၀ စိုက်ပျိုးရန်လျာထားပြီး ခြစ်စည်းရိုးကြက်ဆူပင်မျိုးစေ့နှင့် မျိုးကိုင်း ၂၅၇၈ ဧက ပျိုးထောင်ထားရှိပြီးဖြစ်သည်။ ခြစ်စည်းရိုးကြက်ဆူပင်သည် မူလ ၆၁၈ ဒသမ ၁၀ ဧကရှိပြီး ၁၉၀၈ ဒသမ ၁၆ ဧက ထပ်မံစိုက်ပျိုးပြီးဖြစ်၍ လျာထားဧကများ ပြည့်မီစေရေးအတွက် မျိုးစေ့စုဆောင်းခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကေတုမတီ ဘက်စုံသီးနှံစိုက်ပျိုးရေးစိုက်ကွင်းသို့ သွားရောက်ရာ ရှင်းလင်းဆောင်၌ စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ပြုံးချိုက ဘက်စုံသီးနှံစိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စိုက်ပျိုးရေရရှိရေး စီစဉ်ဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စိုက်ကွင်းအတွင်း တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးအတွက် ရာသီအလိုက်သီးနှံများကို တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးရေရရှိနိုင်အောင်ဆောင်ရွက်၍ နွေစပါး တိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ရှင်းလင်းဆောင်ရှုရပ်မှ စိုက်ကွင်းအတွင်း၌ စက်ယန္တရားများဖြင့် မြေယာထွန်ယက်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

### တိုးချဲ့စိုက်ပျိုးမည်

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကေတုမတီ ဘက်စုံသီးနှံစိုက်ပျိုးရေးစိုက်ကွင်းအနေဖြင့် ၂၀၀၅–၂၀၀၆ခုနှစ်တွင် မိုးစပါးလျာထားဧက ၁၈၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ချက်ကြံလျာထား ၃၅၂ ဧကအနက် ဧက ၂၉၀နှင့် သစ်ဆိမ့်ဧက ၄၀၊ ထန်းဧက ၄၀၊ သီဟိုဠ် ငါးဧက စိုက်ပျိုးပြီးဖြစ်သည်။ ခြစ်စည်းရိုးကြက်ဆူပင် ဧက ၁၃၀လျာထားစိုက်ပျိုးရန်အတွက် မျိုးစေ့၊ မျိုးကိုင်းများ ပျိုးထောင်ပြီးဖြစ်ကာ စုစုပေါင်းလျာထား ၇၁၃ဧက ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်သည်။ စိုက်ကွင်းတစ်ခုလုံးအနေဖြင့် လျာထား ၁၁၄၇ဧက ပြည့်မီအောင် တိုးချဲ့ဖော်ထုတ်စိုက်ပျိုးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

✳ ကျောက်ဖုံးမှ

များ၊ မြို့မိမြို့ဖများနှင့် ဒေသခံ ပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များက စေတီတော်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ကပ်လှူပူဇော်ကြပြီး ပင့်သံဃာတော် ၃၆ပါးတို့က စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ထို့နောက် ပင့်သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး တိုင်းမှူးနှင့် ဝန်ကြီးသည် မဟာရွှေစည်ကြီး ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကြ၍ ဆရာတော်အား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဖြင့် ကပ်လှူပူဇော်ကန်တော့ကြကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဒေသခံပြည်သူများက စေတီတော်ပရိဝုဏ်၌ ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူကြသည်။

### ကိုးပါးသီလခံယူ

ယင်းနောက် စေတီတော်ပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်၌ ရေစက်ချအခမ်းအနားကိုကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသာလာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ကန့်ဘလူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် MFF ကုမ္ပဏီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံမှ မျက်စိအထူးကုဆရာဝန်များ၏ ကုသမှုကို ခံယူလျက်ရှိသော မျက်စိဝေဒနာရှင်များအား လှည့်လည်ကြည့်ရှု အားပေးကြပြီး အထူးကုဆရာဝန်ကြီးများ၏ ခွဲစိတ်ကုသနေမှုများကိုလည်း ကြည့်ရှုအားပေးကြကာ ဝန်ကြီးက မျက်စိအထူးကုအဖွဲ့အတွက် ငွေကျပ်တစ်သိန်းကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါ မျက်စိအထူးကုအဖွဲ့အနေဖြင့် ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံ၌ ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ရက်အထိ အကြီးစားခွဲစိတ်ကုသမှု ခံယူသည့် လူနာ ၆၉ဦးနှင့် အသေးစားခွဲစိတ်ကုသမှု ခံယူသည့် လူနာ ၁၃၁ဦးတို့အား အခမဲ့ ခွဲစိတ်ကုသပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် နယ်မြေခံတပ်ရင်း၌ ကျင်းပသော ခြစ်စည်းရိုးကြက်ဆူပင်ပျိုးပွဲတော်နှင့် ကန့်ဘလူမြို့ အားကစားကွင်းအတွင်း ကျင်းပသော ခြစ်စည်းရိုးကြက်ဆူပင်ပျိုးပွဲတော်များသို့ တက်ရောက်ကြရာ တာဝန်ရှိသူများက ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးရန်လျာထားမှု၊ စိုက်ပျိုးပြီးစီးမှုနှင့် လျာထားချက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များကို တင်ပြကြပြီး တိုင်းမှူးက အစားထိုးလောင်စာဆီအဖြစ် ခြစ်စည်းရိုး ကြက်ဆူဆီကို အကျိုးရှိစွာ အသုံးချနိုင်မှုများ၊ ခြစ်စည်းရိုးကြက်ဆူဆီဖြင့် ဇီဝဒီဇယ်အဖြစ်အစားထိုး အသုံးပြုနိုင်သည့်အပြင် စီးပွားရေးအရ တွက်ခြေကိုက်ပုံများကို ရှင်းလင်းပြောကြားသည်။

### လိုက်လံကြည့်ရှု

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များသည် ပျိုးအိတ်များအတွင်းသို့ ကိုင်းထိုး စိုက်ပျိုးနည်းနှင့် အစေ့ပျိုးထောင် စိုက်ပျိုးနည်းတို့ဖြင့် ပျိုးထောင်စိုက်ပျိုးပေးခဲ့ကြပြီး တက်ရောက်လာသော ဌာနဆိုင်ရာများ၊လူမှုရေး အသင်းအဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ၏ ခြစ်စည်းရိုးကြက်ဆူပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကန့်ဘလူမြို့ အခြေခံပညာ အတက်တန်းကျောင်းဝင်း၌ ကျင်းပသည့် ရွှေရတုကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းဆောင်သစ် အလှူရှင်ဟွန်ဒါ–မြန်မာကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းအောင်နှင့် ကျောင်းအုပ်ကြီး ဦးကံသာတို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊တိုင်းမှူးက စက်ခလုတ်နှိပ်၍လည်းကောင်း ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့မိမြို့ဖ ဦးကျော်ညွှန့်၊ အလှူရှင် ဦးတင်မောင်နှင့် တိုင်းပညာရေးမှူးဦးတိုးမောင်တို့က မော်ကွန်းကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြပြီး ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် တိုင်းမှူး၊ ဝန်ကြီး၊ တိုင်းပညာရေးမှူးနှင့် အလှူရှင်တို့က အမှတ်တရသစ်ပင်များကို စိုက်ပျိုးပေးကြကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပညာရေးကဏ္ဍ အဆင့်မြင့်မားရေးအတွက် စစ်ကိုင်းတိုင်းအတွင်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူရှင် ဦးတင်မောင်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်း အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို တိုင်းပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက ကျောင်းသုံးဗလာစာအုပ်များနှင့် ဆရာ၊ဆရာမများအတွက် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ ဝန်ကြီးက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းရွှေရတုကျောင်းဆောင်သစ်မှာ အလျား ပေ ၁၅၀၊ အနံပေ ၃၀ ရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုးအဆောက်အအုံဖြစ်ပြီး ပရိဘောဂများအပါအဝင် ငွေကျပ် သိန်း ၁၉၀ အကုန်အကျခံ ဆောက်လုပ် လှူဒါန်းထားခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကန့်ဘလူမြို့နယ် ဆိတ်ဖူးမြောင်ကျေးရွာသို့ ရောက်ရှိကြ၍ ရပ်ရွာပညာပဒေသာဌာန၌ ကျင်းပသည့် သက်ကြီးပူဇော်ပွဲနှင့် စာကြည့်တိုက်အတွက် ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားစက် ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး ဘိုးဘွား ၅၀ တို့အား အလှူငွေနှင့် အလှူပစ္စည်းများကို ပေးအပ်ကန်တော့ကြကာ တိုင်းမှူးက ဆိတ်ဖူးမြောင်ကျေးရွာ စာကြည့်တိုက်အတွက် ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားစက်တစ်လုံးကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဆိတ်ဖူးမြောင်ကျေးရွာ ကျေးလက်ဆေးပေးခန်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားကာ အခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် ခဲတံများကို ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

# ပြည်ထောင်စု တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတပဒေသာကပွဲ ဆက်လက်ကပြ သီဆိုဖျော်ဖြေ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့ ပူးပေါင်းစီစဉ်သည့် ပြည်ထောင်စုတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတ ပဒေသာကပွဲကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညစာစားပွဲနှင့် ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများနှင့် ပွဲကြည့်ပရိသတ်များ လာရောက်ကြည့်ရှု အားပေးကြသည်။**

ရှေးဦးစွာ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ဂီတမှူးအကယ်ဒမီ ဂီတလုလင် ဦးကိုကို စီစဉ်တင်ဆက်သည့် တေးဂီတအစီအစဉ်တွင် တင်ဦးလေး၊ မောင်မောင်အေး(အလင်္ကာဝတ်ရည်)၊ ကေတုဝင်းထွဋ်၊ နွဲ့ယဉ်ဝင်း၊ တက္ကသိုလ်ကိုကိုဇော်၊ ထား၊ ရဲအောင်၊ ရာဇာဝင်းတင့်၊ ခင်မျိုးအေး၊ စိမ်းလဲ့လဲ့ စသည့် နာမည်ကျော် အနုပညာရှင်တို့က တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သဘင်အစည်းအရုံးက နှစ်ပါးသွားအကဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက "ပြည်ထောင်စုအလှ မြန်မာ့ဂုဏ်ရည်" တေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက "စည်းလုံးညီညာ အောင်ကြောင်းဖြာ" အကဖြင့်လည်းကောင်း ကပြသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဂီတစာဆို ပြဇာတ်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်၏ "သိကြားမင်းယောက္ခမ ပျော်သွားပြီ" တစ်ခန်းရပ် ဟာသပြဇာတ်တွင် အကယ်ဒမီ မင်းမော်ကွန်း၊ နဝရတ်၊ နွဲ့နွဲ့စန်း၊ မိုးဒီ၊ အရိုင်း၊ စိန်ရိုး၊ ကောင်းစံနှင့် ဟာသသရုပ်ဆောင်များ ပါဝင်ကပြ တင်ဆက်ဖျော်ဖြေကြသည်။ (သတင်းစဉ်)

15-2)09.P65 1 15/02/2006, 1:47 AM

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ပုဂံ–ညောင်ဦးလေဆိပ် လေယာဉ်ရပ်နားရန်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

# ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ပုဂံ–ညောင်ဦး လေဆိပ် လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်သည် ဖေဖော်ဝါရီ ၈ရက်တွင် ပုဂံ–ညောင်ဦးလေဆိပ်သို့ရောက်ရှိ၍ လေဆိပ်ခရီးသည် နားနေဆောင်၊ ခရီးသည် ဝင်/ထွက်မှု အခြေအနေ၊ X-Rays စက်ဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။**

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လေယာဉ်ရပ်နားရန်နေရာ ပေ ၆၀၀ ပတ်လည် ကတ္တရာ ခင်းကျင်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးအား လေဆိပ်ရှင်းလင်းဆောင်၌ ပုဂံ–ညောင်ဦးလေဆိပ် လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာလုပ်ငန်း ဆောင်ရွက်နေမှုများကို ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

## တွေ့ဆုံမှာကြား

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်သည် မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိပြီး ခရိုင်နှင့် မြို့နယ်အဆင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နွားထိုးကြီးမြို့နယ် လုံးတော–သမန်းတော အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး စာသင်ကြားမှု အခြေအနေနှင့် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်သည် လုံးတောကျေးရွာ စိတ္တာသုခမ္မောရုံ၌ လုံးတော–သမန်းတော၊ ကံနောင်းကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ရှင်းလင်းမှာကြားသည်။

## တင်လှူပူဇော်

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီးတို့သည် ဖေဖော်ဝါရီ ၉ရက်တွင် မန်ကျည်းကန်ကျေးရွာ ဘုန်းတော်ကြီး ကျောင်းအတွင်းရှိ အေးငြိမ်းချမ်းသာ မိုးကောင်းရွှေစေတီ ရွှေထီးတော်တင်လှူပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ရွှေထီးတော် ဘုံအဆင့်ဆင့်ကို မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန်ကျည်းကန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၏ ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ကျောင်းဝင်းအတွင်း ပြုစုပျိုးထောင်ထားသည့် ကြက်ဆူပင်မျိုးကိုင်းများကို ကြည့်ရှုစစ်ဆေးသည်။

## ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် ဖလံကုန်းကျေးရွာသို့ ရောက်ရှိကြ၍ ဘ၀နတ်ထံ ပျံလွန်တော်မူခဲ့သော နွားထိုးကြီးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ကောသလ္လမဟာထေရ်၏ အန္တိမဈာပနအတွက် သက်န်းဒွိစုံ ၁၀၀ ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖလံကုန်းကျေးရွာ ဘုန်းတော်ကြီးသင် တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ကွန်ပျူတာခန်းကို ဝင်ရောက်ကြည့်ရှု စစ်ဆေးပြီး အင်ချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ရှင်းလင်းမှာကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်သည် ဖေဖော်ဝါရီ ၁၀ရက်တွင် နွားထိုးကြီးမြို့နယ် ငွေကုန်းကျေးရွာ၌ ကြက်ဆူပင် မျိုးစေ့ ၁၂၀၀ နှင့် ကြက်ဆူပင် ကိုင်းမျိုး ၁၂၀၀ တို့ကို စိုက်ပျိုးပေးပြီး နှစ်ဧကရှိ ကြက်ဆူပင်ကိုင်း ၂၄၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်သည် မြင်းခြံခရိုင် နွားထိုးကြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေး အတွက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်သည် ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲသို့ တက်ရောက်ပြီး အနိုင်ရရှိသည့် အသင်းများအား ဆုချီးမြှင့်သည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် နွားထိုးကြီးမြို့နယ် ရှင်ပင်သာဒွန်းဦး ဘုရားအား ဖူးမြော်ကြည်ညို၍ ဘက်စုံ မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

## ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်တွင်ယင်းတက္ကသိုလ်၌ ကျင်းပရာ သံဃာတော် ခုနစ်ပါးတို့အား အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ နှစ်ပတ်လည်နေ့ အခမ်းအနားကို ပတ္တမြားခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်းထမ်းရွေးချယ်လေ့ကျင်းရေးအဖွဲ့–အဖွဲ့ဝင် ဦးလှမြင့်ဦးက ဝန်ထမ်းကျင့်ဝတ် ရေးဖြေစာမေးပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယရရှိကြသူများနှင့် သင်တန်းထူးချွန်ဆုရရှိသူများအားလည်းကောင်း၊ ပါမောက္ခချုပ်ဦးအောင်ဆန်းဝင်းက တစ်နှစ်တာအတွင်း ခွင့်မယူသူများနှင့် အသန့်ရှင်းဆုံး လိုင်းခန်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် အားကစားပြိုင်ပွဲများကို ကျင်းပပြီး တာဝန်ရှိသူအသီးသီးက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ငွေကျပ် သိန်း ၁၉၀ အကုန်အကျခံဆောင်ရွက်ပြီးစီးခဲ့သော မုဒုံမြို့ မြိုင်ကုန်းကော့လှကျေးရွာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်က လမ်းသစ်မုခ်ဝ၌ကျင်းပရာ လမ်းသစ်ကို မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ကန္တနတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

## (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြု ရွှေကြက်ယက် ကတ္တရာလမ်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့ (၁)ရပ်ကွက် ရွှေကြက်ယက် ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီတွင် အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦး၌ကျင်းပရာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းမောင်၊ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုစုပေါင်း အင်အား ၇၀၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး (၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင်နှင့် ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်တို့က ဖဲကြိုးဖြတ်၍ ကတ္တရာလမ်းကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရွှေကြက်ယက်လမ်းသည် အရှည်ပေ ၁၃၇၀၊ အကျယ် ၁၂ပေ ရှိပြီး ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၂၅၀၀၀၀၊ (၁)ရပ်ကွက်ပြည်သူ ဦးမုန်သုန် လှူဒါန်းငွေကျပ် ၁၇၉၀၀၀၀ စုစုပေါင်းငွေကျပ် ၅၀၄၀၀၀၀ ဖြင့် ကတ္တရာလမ်းခင်းခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ရက်က မြန်မာ့မီးရထား အားကစားကွင်း၌ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆု ရရှိသွားသော မောင်မောင်မြင့်(တညင်းကုန်း)အား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင် ဆုပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၁၅–၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၇:၅၀ ၆။ အတီးပြိုင်ပွဲ
၈:၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၈။ အဆိုပြိုင်ပွဲ
၈:၂၀ ၉။ ကျေးပင်အက်ရေလှောင်တမံ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Preatice in Reading
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
–ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅ ၇။ အတီးပြိုင်ပွဲ
၅:၂၀ ၈။ သီချင်းကြီးပဒေသာ
၅:၃၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၄၀ ၁၀။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၅:၄၅ ၁၁။ တေးဂီတအစီအစဉ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၅။ တေးဂီတအစီအစဉ်
၇:၂၀ ၁၆။ ရခိုင်ချောင်တံတား
၇:၂၅ ၁၇။ တေးဂီတအစီအစဉ်
၇:၃၅ ၁၈။ အနာဂတ်နိုင်ငံတော်၏ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ (အပိုင်း–၁၇)
၇:၄၅ ၁၉။ ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်
၈:၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ **၂၀၀၅ခုနှစ် တေရသမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ “ဝိဓူရဇာတ်တော်ကြီး” (ပထမဆု) (ရန်ကုန်တိုင်း) (ဒုတိယပိုင်း)**
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

**ဆူးလေစေတီတော်ကြီး**

ဘက်စုံမွမ်းမံပြုပြင်ထည့်တည်ဆောက်ရေးစီမံကိန်း
ထီးတော်ကြီးနှင့် ကိုယ်လုံးတော်ကြီးအားရွှေစင်ချပြီး
ရွှေပါးရွှေသင်္ကန်းတော်များကပ်လှူပူဇော်ရေးနှင့် အခုံးစေတီတော်များ ပြုပြင်မွမ်းမံရေး
ရွှေပါးရွှေသင်္ကန်း ကပ်လှူရေးလုပ်ငန်း
ကုသိုလ်ယူလှူဒါန်းနိုင်ပါရန်

* ထီးတော်ကြီးရွှေသင်္ကန်းကပ်လှူရန် - ၁၈၅၀၀၀၀/-
* စေတီတော်ကြီးရွှေစင်ချသား ၁ကျပ်သား ၉လက်မပတ်လည် တစ်ချပ်လျှင် - ၂၅၀၀၀၀/-
* အခုံးစေတီတော်ကြီးတစ်ဆူ(ကိုယ်လုံးတော်နှင့် ထီးတော်) - ၁၈၀၀၀၀၀/-
* အခုံးစေတီတော် အလတ်တစ်ဆူ(ကိုယ်လုံးတော်နှင့် ထီးတော်) - ၁၂၀၀၀၀၀/-
* အခုံးစေတီတော် အသေးတစ်ဆူ(ကိုယ်လုံးတော်နှင့် ထီးတော်) - ၇၅၀၀၀၀/-
* ရွှေပါးချပ်(၂လက်မ ၂လက်မ)တစ်ထိုင်လျှင် - ၁၅၀၀၀/-
* ၉လက်မ ပတ်လည်မကြံပြည်ပေါ်တွင် ရွှေပါးရွှေသင်္ကန်းကပ်လှူရန် - ၅၀၀၀/-
* ရွှေပါးရွှေတစ်ချက်ကပ်လှူလျှင် - ၁၅၀/-

# မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ

## အသီးအထွက်နှုန်းမြင့်မား တောင်သူလယ်သမားများ အကျိုးပွား

**ခြံစည်းရိုးကြက်ဆူပင်သည် ကာလတိုအတွင်း အကျိုးအမြတ်ရရှိစေမည့် နှစ်ရှည်ပင်တစ်မျိုးဖြစ်ကြောင်း သိရှိလာကြ၍ ဒေသခံပြည်သူများ ပိုမိုစိတ်ဝင်တစား အလေးထားစိုက်ပျိုးလာကြသည်။**

ယင်းကဲ့သို့ စိုက်ပျိုးမှုများကြောင့် ခြံစည်းရိုးကြက်ဆူပင်၏ အကျိုးကျေးဇူးကို မကြာမီကာလ၌ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွေ့ခံစား ကြရတော့မည် ဖြစ်သည်။ ခြံစည်းရိုးကြက်ဆူပင်သည် အကျိုးဖြစ်ထွန်းမှု များသကဲ့သို့ အထွက်နှုန်းလည်း ကောင်းမွန်သည်။ အပင်ငယ်စဉ် နှစ်နှစ်သားမှ ငါးနှစ်သားအတွင်း ဆွတ်ခူးပါက တစ်ပင်လျှင် နွေသီး နို့ဆီဘူး နှစ်ဘူး၊ မိုးသီးတစ်ပြည် ရရှိသည်။

ခြောက်နှစ်သားမှ စတင်ဆွတ်ခူးပါက တစ်ပင်လျှင် နွေသီးနို့ဆီဘူး သုံးဘူးနှင့် မိုးသီးနို့ဆီဘူး ၁၁ဘူး ထွက်ရှိသည်။ခြံစည်းရိုး ကြက်ဆူပင် တစ်ဧကတွင် ကြက်ဆူစေ့ တင်း ၁၀၀ ဝန်းကျင် ထွက်ရှိနိုင်သည်။ ခြံစည်းရိုးကြက်ဆူပင်၏

**နှစ်နှစ်မှငါးနှစ် အစေ့အထွက်နှုန်း**

| အကြောင်းအရာ | အခြင်အတွယ် | ထွက်ရှိမှု |
|---|---|---|
| **တစ်ပင်အထွက်နှုန်း** | | |
| — နွေသီး | နို့ဆီဘူး | ၂ |
| — မိုးသီး | ပြည် | ၁ |
| တစ်ဧကအထွက်နှုန်း | တင်း | ၉၃ |
| တစ်ဧကအထွက်နှုန်း | တန် | ၁.၅ |

**ခြောက်နှစ်သားအထက် အစေ့အထွက်နှုန်း**

| အကြောင်းအရာ | အခြင်အတွယ် | ထွက်ရှိမှု |
|---|---|---|
| **တစ်ပင်အထွက်နှုန်း** | | |
| — နွေသီး | နို့ဆီဘူး | ၃ |
| — မိုးသီး | နို့ဆီဘူး | ၁၁ |
| တစ်ဧကအထွက်နှုန်း | တင်း | ၁၂၄ |
| တစ်ဧကအထွက်နှုန်း | တန် | ၂ |

ဘက်စုံအသုံးဝင်မှုကို သိရှိလာကြ၍ တွင်ကျယ်စွာစိုက်ပျိုးကြကာ အသီးများကိုပင် ဆွတ်ခူးနေကြပြီဖြစ်သည်။ ခြံစည်းရိုးကြက်ဆူပင်များ ရာသီအလိုက်၊ သက်တမ်းအလိုက် အသီးထွက်ရှိမှုများကို အထက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်။ ။

ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းမှ အသီးဆွတ်ခူးနေစဉ်။

## ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ဗဟုဇနဟိတ ဓရာဘဒ္ဒန္တ သောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနာ့ဇောသိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ် ကျောင်းတိုက်၌ ဖေဖော်ဝါရီ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများ အနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၀၁-၅၇၁၂၅၈သို့ဖြစ်စေ ဖေဖော်ဝါရီ ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ (က-ပ)

**ဖခင်ဦးမြမောင်-မိခင်ဒေါ်မြတင်၊အစ်ကို ကိုမြအုန်း၊(သား)မောင်ညီညီထွန်းတို့အား ရည်စူး၍ရန်ကုန်မြို့၊ တာမွေမြို့နယ်၊တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅လမ်းနေ ဒေါ်သန်းရီ၊ ဒေါ်ယဉ်ထွေးမိသားစုတို့က ဒဂုံမြို့နယ်၊ အမှတ်(၁၂)၊စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို တိပိဋကဓရဆရာတော်ဘဒ္ဒန္တ ကုမ္ဘာစရိယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိရန်ကုန်ဌာန အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ရင်ပြင်တော်ပေါ်တွင်ပြုလုပ်ရာ မြို့နယ်သာသနာရေးဦးစီးအရာရှိ ဦးကြည်မြင့်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျင်သိန်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (၀၄)

## ကလေးဆေးရုံကြီးသို့ အောက်ဆီဂျင်ပေးစက်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်မြို့ ကလေးဆေးရုံကြီးတွင် တက်ရောက်နေကြသော ကလေးလူနာများအတွက် မြန်မာ့သြဘာလုပ်ငန်းမှ ဦးသတိုးဟိန်းနှင့် ဒေါ်စိုးမာလာ မိသားစုက နှစ်ဖက်မိဘ များအား အမှူးထား၍ ငွေကျပ် ၃၃သိန်းတန်ဖိုးရှိ Air Sep အောက်ဆီဂျင်ပေးစက်နှင့် Renal biopsy needle လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂နာရီတွင် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လက်ခံရယူ**

ရှေးဦးစွာ မြန်မာ့သြဘာလုပ်ငန်းမှ အလှူရှင်မိသားစုက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး Air Sep အောက်ဆီဂျင်ပေးစက်နှင့် Renal biopsy needleပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာ ဦးချစ်ကိုတင်က လက်ခံရယူသည်။**(အောက်ဝဲပုံ)**

ထို့နောက် ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး အလှူရှင်မိသားစုအား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

(ကလေးဆေးရုံကြီး)

## ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ ရန်ကုန်မြို့တွင်း ဆက်လက်လေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ကျင်းပရေးကြိုဆို နေရာချထားရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြစ်အတွင်း၌ ရေယာဉ်ဖြင့် လှည့်လည်၍ မြစ်ဘေးဝဲ၊ ယာတစ်လျှောက်တွင် သန့်ရှင်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းရှိ ယုဇနပလာဇာသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

**မော်ဘီမြို့နယ် သမိုင်းဝင် ရွှေမော်တင်စေတီတော်မြတ်ကြီး တတိယအကြိမ် ဘက်စုံမွမ်းမံပြင်ဆင်ရန်အတွက် နှစ်ဖက်မိဘများဖြစ်ကြသည့် ဦးမြဟန်-ဒေါ်တင်ရွှေ၊ဦးမင်းဝေတို့အားရည်စူး၍ မိခင်ကြီး ဒေါ်သန်းရီအားအမှူးထားလျက် ကိုခင်မောင်ဇော်-မအေးအေးမင်း၊(သား)မောင်လပြည့်မိသားစုက ငွေကျပ်သိန်း ၁၅၀ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းလှပရေးလုပ်ငန်းများ လှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တော် အဆင့်မြင့်ရေး၊ သန့်ရှင်းလှပရေးနှင့် လမ်းများကောင်းမွန်စေရေး ဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာလုပ်ငန်း တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် နံနက် ၆နာရီ ခွဲတွင် တာမွေမြို့နယ် နတ်မောက်လမ်း တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် အင်ဂျင်နီယာ (လမ်းနှင့်တံတား) ဌာနက ရေနုတ်မြောင်းများ ရှင်းလင်း ဆယ်ယူခြင်း၊ သန့်ရှင်းသပ်ရပ်စေရန် လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြား သစ်များ ခင်းကျင်းခြင်းနှင့် သဲစစ်ကန် ပြုလုပ်နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးရာ အင်ဂျင်နီယာဌာန လမ်း နှင့်တံတားဌာနမှူး ဦးဗိုလ်ငွေးက လိုက်လံရှင်းလင်းပြသသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်သည် ရန်ကုန် မြို့တော်အတွင်း ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရေး အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက စက်ယန္တရားကြီးများဖြင့် ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးကို အဆင့်မြင့်ကွန်ကရစ် ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှု၊ လမ်းမတော်မြို့နယ် မဟာဗန္ဓုလ လမ်းမကြီးကို လမ်းမတော်လမ်းဆုံ အနီး အဆင့်မြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုး ခင်းကျင်းနေမှု၊ ကြည့်မြင်တိုင် မြို့နယ် ကမ်းနားလမ်း အဆင့်မြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးခင်းကျင်း နေမှုနှင့် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း ဘုရားလမ်းကို အဆင့်မြင့်ကွန်ကရစ် ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှုတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင် ရာ လုပ်ငန်းတာဝန်ရှိသူများအား မြို့တော်ဝန်က စနစ်တကျဖြင့် အရည် အသွေး စံချိန်စံညွှန်းပြည့်မီအောင် စေတနာထား ဆောင်ရွက်ရေး၊ လုပ်ငန်း ခွင် အန္တရာယ်ကင်းရှင်းစေရေး မှာကြား ပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

**AMN International Ltd. (၁၀)နှစ်မြောက် အထိမ်းအမှတ်အဖြစ် မန်နေဂျင်းဒါရိုက်တာ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ်က ဖေဖော်ဝါရီ ၇ရက်တွင် မသန်စွမ်းသူများ ကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်းအတွက် မတည်ငွေ ကျပ်သိန်း ၁၀၀ကို လှူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**တာမွေမြို့နယ် အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အထက(၁) တာမွေ ပင်လုံခန်းမတွင် ကျင်းပရာ အသက် (၉၀)ကျော် ဆရာမကြီး ဒေါ်လှတင်နှင့် ဒေါ်သိန်းဆိုင် (မမြတ်လေး)တို့အား တပည့်ဟောင်းများက ဂါရဝပြု ဂုဏ်ပြုလက်ဆောင်များပေးအပ်စဉ်။** (ဝ၈)

# ရန်ကုန်အရှေ့ပိုင်းခရိုင် မူကြိုကလေးငယ်များ ကာယဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ အပြည်ပြည်ဆိုင်ရာ ကလေး များနေ့အထိမ်းအမှတ် မူကြိုကလေး ငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ နှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင် သဃ်န်းကျွန်းမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင် နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက် ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာ စကားပြောကြားပြီး ဧည့်ပရိသတ်များ နှင့်အတူ မူကြိုကလေးငယ်များ၏ တိုင်းရင်းသားရိုးရာ အကများနှင့် ချစ်စရာအရွယ် ကစားကြမယ် အစီ အစဉ်ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တာဝန် ရှိသူများက ကာယ၊ ဉာဏစွမ်းရည် ပြိုင်ပွဲများ၌ ဆုရရှိကြသည့် မူကြို ကလေးငယ်များနှင့် မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းများ အား ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲ ၌ ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြု လက်ဆောင်များပေးအပ်ကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်မာမာဝေ ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ အထိမ်းအမှတ် မူကြိုကလေးငယ် များ ကာယ၊ ဉာဏစွမ်းရည်ပြိုင် ပွဲနှင့် ဆုပေးပွဲအခမ်းအနားတွင် ဆုရရှိကြသည့် မူကြိုကလေးငယ် များအား ဆုများပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

**မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ် အတွင်း ပြုပြင်တည်ဆောက်ဆဲလုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၁၁ရက် က မော်လမြိုင် ပန်းဘဲတန်းရပ် ထားဝယ်စု ဈေးလမ်း အမှတ် (၂၅)နေ ဦးစိန်ပေါင်း–ဒေါ်ဖြူဖြူဝင်း မိသားစုကငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။** (၂၅၇)

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းနေ ဦးရဲတင့်၏ မွေးနေ့အထိမ်းအမှတ် သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးနှင့် ဓာတ်လှေကား အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# မြန်မာ–ဂျပန် ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ တတိယနေ့ပွဲစဉ် ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာ–ဂျပန် အမျိုးသမီးချစ်ကြည် ရေး ဘော်လီဘောပြိုင်ပွဲ တတိယနေ့ ပွဲစဉ်ကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲ ရုံ၌ ကျင်းပရာ အားကစားဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး နှင့် တာဝန်ခံ နာယကများ၊ မြန်မာ နိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန် ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက် ရောက် ကြည့်ရှုအားပေးကြသည်။

မြန်မာ–ဂျပန် အမျိုးသမီး ချစ်ကြည် ရေး ဘော်လီဘောပြိုင်ပွဲ တတိယနေ့ ပွဲစဉ်တွင် ဂျပန်အမျိုးသမီး ဘော်လီ ဘောအသင်းက မြန်မာအမျိုးသမီး ဘော်လီဘောအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

**မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ လမ်းဆုံပိုင်းရပ်ကွက်နေ ဦးပုနှင့် သားသမီးမြေးတစ်စုတို့က ကွယ်လွန် သူ ဒေါ်ရီအား ရည်စူး၍ အခမဲ့နာရေး ကူညီမှုအသင်း (ထောက်ကြန့်) သို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးလှမြင့် လက်ခံ ရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။** (က–ပ)

**မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင် သတိ အမြဲရှိ**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၅–၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | မေးကြည့်ဖြေကြည့်ပဟေဠိ |
| ၇:၂၅ | ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု |
| ၇:၃၀ | တေးဂီတအစီအစဉ် |
| ၇:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇:၄၅ | တေးဂီတအစီအစဉ် |
| ၇:၅၀ | Myanmar Video Rhythm |
| ၈:၃၅ | တေးဂီတအစီအစဉ် |
| ၈:၄၀ | ဆည်ရေပေးဝေနိုင်ရန် ဘင်ခေါင်း၊ ဘင်သားတို့၏ တာဝန်ဝတ္တရားများ |
| ၈:၄၅ | တေးဂီတအစီအစဉ် |
| ၈:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၅၅ | ရေကြောင်းပညာ သိကောင်းစရာ (ဦးမျိုးမြတ်သူ၊ဦးရွှေစိုး) |
| ၉:၄၀ | တေးဂီတအစီအစဉ် |
| ၉:၄၅ | မိုင်ပေါင်းကုဋေဝေးပါစေ ခရီးတွင်စေတာမောင်မြန်မာ |
| ၁၀:၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၁၀ | တေးဂီတအစီအစဉ် |
| ၁၀:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၂၅ | ပန်းလှိုင်ဆေးရုံ |
| ၁၀:၄၅ | တေးဂီတအစီအစဉ် |
| ၁၀:၅၀ | မြစ်သာတံတား |
| ၁၁:၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၀၅ | နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး (ပန်းနှစ်ပွင့်နှင့်သူရဲကောင်း) |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | ပတ်ဝန်းကျင်ကိုအလှဆင် နေသောရောင်စုံကွန်ကရစ် အုတ်ဘလောက်တုံးလေးများ |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | သင်ယူစရာပန်းချီပညာ (အခြေခံပို့ချချက်) |
| ၁၁:၅၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ သုံးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

## ရှင်စောပုစေတီတော် တရားပွဲကျင်းပမည်

**ရန်ကုန်   ဖေဖော်ဝါရီ   ၁၄**

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်းတွင် တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် ရှင်စောပုစေတီတော်မြတ်ကြီး၏(၄၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် အထူးတရားပွဲများကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၅ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (တွဲဖက်ပါမောက္ခ ပဋိပတ္တိမဟာဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်)၊ ၁၆ရက်တွင် ဆရာတော် အရှင်အာစာရာလင်္ကာရ (၁၀-ဘွဲ့ရ)၊ ၁၇ရက်တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ (တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်တို့က တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ (၄၃)

**ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါန တိုးချဲ့ဆောင်အတွက် တာမွေလေး မင်းရဲကျော်စွာအိမ်ရာနေ ဦးမျိုးမြင့်-ဒေါက်တာစန်းစန်းမြင့် မိသားစုက အလှူတော်ငွေကျပ် နှစ်သိန်းကို လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။** (က-ပ)

**ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ညောင်တန်းအိမ်ရာနေ ကွယ်လွန်သူ မိဘနှစ်ပါး၊ ဦးလေး၊ အဒေါ်၊ မောင်ငယ်တို့အား ရည်စူး၍ ဒေါ်မကြည်ဝင်း မောင်နှမတစ်စုနှင့် ဓမ္မမိတ်ဆွေများက ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် တည်ဆောက်လျက်ရှိသော သုံးထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက် လှူဒါန်းငွေကျပ် နှစ်ဆယ့်လေးသိန်းကို လယ်တီစံရိပ်သာ အကျိုးတော်ဆောင် ဦးခင်မောင်စိုးထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ရွှေတောင်မြို့ ရွှေမျက်မှန်ဘုရားကြီး ပရိဝုဏ်၌ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းခွဲဖွင့်လှစ်

**ရန်ကုန်   ဖေဖော်ဝါရီ   ၁၄**

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့ ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရားကြီး ပရိဝုဏ်တွင် ဘုရားဂေါပကအဖွဲ့နှင့် ရန်ကုန်မြို့မှ အလှူရှင်များစုပေါင်းကာ တရားတိပ်ခွေနှင့် တရားစာအုပ်များ အခမဲ့ငှားရမ်းနိုင်ရန်အတွက် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းခွဲ (၉၁)ကို ဖေဖော်ဝါရီ ၁၁ရက် ညနေ ၅နာရီခွဲ၌ ဖွင့်လှစ်သည်။ ဖွင့်ပွဲအထိမ်းအမှတ် ဓမ္မသဘင်အဖြစ် ရန်ကုန်မြို့ အောင်စကြာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာမှ ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသိရီ(ဓမ္မာစရိယ) အရှင်သူမြတ်က သစ္စာလေးပါး တရားတော်များ ဟောကြားသည်။ (က-ပ)

## ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ဝက်စ်ဟမ်းအသင်းက ဘာမင်ဂမ်ကို အနိုင်ရ

**လန်ဒန်   ဖေဖော်ဝါရီ   ၁၄**

အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၆)၏ လက်ကျန်ပွဲအဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ဘာမင်ဂမ်အသင်းတို့ တနင်္လာနေ့ညက ယှဉ်ပြိုင်ကစားရာ ဝက်စ်ဟမ်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်းဖြစ်သော အပ်(ပ်)တန်ပါ့ခ် အားကစားရုံတွင်ကျင်းပသည့် ယင်းဘောလုံးပြိုင်ပွဲ၌ ဝက်စ်ဟမ်းအသင်းအတွက် မာလွန်ဟဲဝုဒ်တစ်ဦးတည်းက နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သည်။ အမှတ်ပေးဇယားတွင် ယခုအခါ ၄၁ မှတ်ရရှိထားသော ဝက်စ်ဟမ်းအသင်းသည် အမှတ် ၂၀ မျှသာ ရရှိထားသော ဘာမင်ဂမ်အသင်းကို အလွယ်တကူပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၁၁ မိနစ်တွင် ဘာမင်ဂမ်အသင်း၏ ပယ်နယ်တီဧရိယာအပြင်ဘက်ရှိ နောက်ခံလူများက ဘောလုံးကို ဖျက်ထုတ်နိုင်ခြင်းမရှိချိန်တွင် ဝက်စ်ဟမ်းအသင်း၏ တိုက်စစ်မှူးဟဲဝုဒ်က ခပ်နိမ့်နိမ့်ကန်သွင်းချက်ဖြင့် ဂိုးသွင်းနိုင်ခဲ့သည်။

ပွဲချိန် ၆၃ မိနစ်တွင် ဟဲဝုဒ်၏ ပယ်နယ်တီကန်သွင်းချက်ကို ဘာမင်ဂမ်ဂိုးသမား မစ်တေလာက ပိတ်ဆို့ကာကွယ်နိုင်သော်လည်း ပြန်ထွက်လာသည့်ဘောလုံးကို ဟဲဝုဒ်ကပင် တန်းတန်းမတ်မတ် ကန်သွင်းခဲ့သည်။

နောက်ထပ် သုံးမိနစ်အကြာတွင် ဝက်စ်ဟမ်းအသင်းက တတိယမြောက်ဂိုးကို သွင်းယူခဲ့သည်။ ဝက်စ်ဟမ်းအသင်းမှ လိုင်ယင်နယ်လ်စကယ်လိုနီက ဂိုးတိုင်အနီးတွင် ရောက်ရှိနေသော ၎င်း၏အသင်းဖော် ယော့စီဘီနာယွန်ထံ ညာတောင်ပံဘက်မှ ဘောလုံးကို ဖြတ်ပို့ပေးလိုက်သော်လည်း အချိန်အဆလွဲချော်ခဲ့သည်။ သို့ရာတွင် ဒင်းန်အက်ရှ်တန်က လျှပ်တစ်ပြက်ဝင်လာပြီး ဂိုးသွင်းယူခဲ့သည်။ အက်ရှ်တန်သည် ဝက်စ်ဟမ်းအသင်းတွင် ပါဝင်ခဲ့ပြီးနောက် နှစ်ပွဲကစားခဲ့ရာ၌ ၎င်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်ခြင်းဖြစ်သည်။ ***အင်တာနက်။***



**ဖေဖော်ဝါရီ ၁၃ရက်က ကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင်ဝက်စ်ဟမ်းအသင်းမှ လိုင်ယန်နယ်လ်စကယ်လိုနီ(ယာ)က ဘာမင်ဂမ်အသင်းမှ ဂျာရီဆစ်ထံမှ ဘောလုံးကို ဖျက်ထုတ်နိုင်ရန်ကြိုးပမ်းစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## Air Bagan မြန်မာ-ပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကလပ်၌ကျင်းပ

ရန်ကုန်   ဖေဖော်ဝါရီ   ၁၄

**မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၅-၂၀၀၆ ခုနှစ် Air Bagan မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဒညင်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများက တီခုံ (၁)၌ နေရာယူကြပြီး MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ Air Bagan Ltd. ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းနှင့် Air Bagan Myanmar Golf Tour Tournament Director ဦးမင်းသိန်းတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

**၂၀၀၅-၂၀၀၆ ခုနှစ် Air Bagan မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။** (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ Professional Golfers များဖြစ်ကြသော Pornpong Phatlum၊ Kwanchai Tannin၊ Norachet Juntapun နှင့် Panuwat Muenlek၊ သြစတြေးလျမှ Professional Golfer ဖြစ်သော Blair Wilson နှင့် မလေးရှားမှ Professional Golfer ဖြစ်သော Jacky Bong တို့ ပါဝင်ကြပြီး ပြည်ပမှ ခြောက်ဦးအပါအဝင် မြန်မာ Professional Golfers ၄၁ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၄၇ဦး ယှဉ်ပြိုင်ကြကာ Amateur ပြိုင်ပွဲတွင် ၈၅ဦးတို့ ယှဉ်ပြိုင်ကြသည်။

ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Srixon)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက် လျော့ရိုက်ပြီး ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သန်းနိုင် (Srixon)က ၇၂ချက်ဖြင့် ဒုတိယလိုက်ပြီး အောင်ဝင်း (Srixon)၊ Panuwat Muenlek (ထိုင်း)၊ စိုးကျော်နိုင် (Srixon) နှင့် မြင့်သန်း (Aung Dagun) တို့က ၇၃ချက်စီဖြင့် တတိယလိုက်နေကြသည်။

Amateur အဆင့်ပြိုင်ပွဲတွင် ရန်နိုင်ဖြိုးနှင့် နိုင်နိုင်လင်းတို့က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်စီ လျော့ရိုက်ကြပြီး ၇၁ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိကြသည်။

ထွန်းထွန်းလင်းက ၇၄ ချက်ဖြင့် ဒုတိယလိုက်ပြီး အောင်ဝင်းနှင့် Derek Htet Doe တို့က ၇၅ချက်စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd. ဖြစ်ပြီး Official Bank အဖြစ် KBZ Ltd. ဖြစ်ကာ Co-Sponsors များအဖြစ် Myanmar Brewery Ltd.၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort၊ Srixon၊ Yangon Golf Club၊ Kachin Golfers Group၊ Jade Myanmar Co., Ltd.၊ Max Myanmar Co., Ltd. နှင့် London တို့က အသီးသီး ပါဝင်ကူညီကြပြီး သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၅ရက် နံနက် ၇နာရီခွဲတွင် ဒုတိယနေ့ ၁၈ကျင်း ပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

## အင်အားအသင့်အတင့်ရှိ မြေလျှင်လှုပ်ရှား

**ရန်ကုန်   ဖေဖော်ဝါရီ   ၁၄**

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၁၄ရက်နေ့ မြန်မာစံတော်ချိန် ၇နာရီ ၂၈မိနစ် ၁၄စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေလျှင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၈၆၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ဆစ်ခ်ခမ်း (အိန္ဒိယဒေသ) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၅ဒသမ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေလျှင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

**၂၀၀၆ ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊အမျိုးသမီး စက်ဘီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ရက်က သုဝဏ္ဏလေ့ကျင့်ရေးစက်ဘီးကွင်းတွင် ဆက်လက်ကျင်းပရာ အမျိုးသမီး မီတာ ၄၈၀၀ တစ်ဦးချင်း စံချိန်ပြု ဗိုလ်လုပွဲ အကြိတ် အနယ် ယှဉ်ပြိုင်စဉ်။** (ကြေးမုံ)

## ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်အဆင့် ဆုရပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲနှင့် မြို့ဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက် (၇၅)နှစ်နှင့်အထက် အသင်းသူ၊ အသင်းသားများ၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရရှိသူများသည် ဖေဖော်ဝါရီ ၁၆ရက် နောက်ဆုံးထား၍ ဦးစိုးညွှန့် (ဦးစီးနာယက) ဖုန်း-၂၂၄၅၈၀၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဦးမြင့်ကြည် (အတွင်းရေးမှူး) ဖုန်း-၂၂၁၀၁၇၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဦးကြိုင်မြင့် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၉၅၉၈၈ တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ပို့ဆောင်နှုတ်ဆက်

ဖေဖော်ဝါရီ ၁၄ ရက်က တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံး–သံရုံးယာယီတာဝန်ခံ မစ္စတာ ယူဘိုရမ်နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တောင်ငူတပ်နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲအားပေး ကေတုမတီ ဘက်စုံသီးနှံစိုက်ကွင်းကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ပဲခူးတိုင်း တောင်ငူမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဧက ၁၀၀ ကြက်ဆူပင်စိုက်ခင်း၌ ကျင်းပသော တောင်ငူတပ်နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲသို့ တက်ရောက်အားပေးသည်။**

### မျိုးစေ့များပေးအပ်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တပ်နယ်မိသားစုဝင်များအတွက် ခြံစည်းရိုး ကြက်ဆူပင်မျိုးစေ့များကိုဝေငှရာ တပ်နယ်အတွင်းရှိ တာဝန်ရှိသူများက အသီးသီးလက်ခံကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် ခြံစည်းရိုး ကြက်ဆူပင်မျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်းသို့ ထည့်သွင်းပျိုးထောင်စိုက်ပျိုးပေးကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့ မျိုးကိုင်းများ၊ ရက်သားအဆင့် ပျိုးပင်ပေါက်များ၊ ကြက်ဆူပင် အပင်ပေါက်ပုံအဆင့်ဆင့်၊ ခြံစည်းရိုး ကြက်ဆူဇီဝလောင်စာဆီနမူနာနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမောင်က လိုက်လံရှင်းလင်းပြသသည်။ **စာမျက်နှာ ၉ ကော်လံ ၃ သို့ ▲**

## ခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာအညွှန်း

- *ယခုအခါ နိုင်ငံတစ်ဝန်း၌ ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု လမ်းသစ်၊ တံတားသစ်များစွာကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်၏ဝင်ပေါက်လမ်းမကြီးများဖြစ်သည့် ရန်ကုန်–စစ်တွေလမ်း၊ ရန်ကုန်–ကျောက်ဖြူလမ်း၊ သေိုင်းချောင်း–ဂွလမ်းနှင့် ပန်းတောင်း–တောင်ကုတ်လမ်းတို့သည် နိုင်ငံတော်က ပြည်သူများအပေါ်ထားရှိသည့် မေတ္တာ၊ စေတနာ၏ ပြယုဂ်များပင်ဖြစ်သည်။*
  ခေါင်းကြီး (စာမျက်နှာ–၂)
- **ထမနဲထိုးပြီးသောအခါ ဘုရားတွင် ဆွမ်းတော်ကြီးကပ်ကြသည်။ ဘုန်းကြီးကျောင်းများသို့ သွားရောက်၍ ထမနဲဆွမ်းကပ်လှူကြသည်။ ထမနဲထိုးသူများနှင့် ရပ်ရွာအတွင်းရှိ မိတ်ဆွေ သင်္ဂဟများအား ဝေငှကျွေးမွေးကြသည်။ စုပေါင်းလုပ်၍ စုပေါင်းစားသောက်ကြသော မြန်မာတို့၏ နှစ်သက်မြတ်နိုးဖွယ် ဓလေ့ပင်ဖြစ်ပါသည်။** မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ **"တပို့တွဲနှင့် ထမနဲ"** ဆောင်းပါး (စာမျက်နှာ–၆)
- ဟသ်ာတမြင့်ငွေ၏ **"မြင်းမိုရ်ထက်ပင်မြင့်လိမ့်မည်"**
  ကဗျာ (စာမျက်နှာ–၉)

## တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ခြံစည်းရိုးကြက်ဆူပျိုးပင် တစ်သိန်းကျော် ပျိုးထောင်မှု ကြည့်ရှုအားပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ရှိ မဟာရွှေစည်ကြီးစေတီတော် ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ယင်းစေတီတော်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တသာလာဘိဝံသ၊ ကန့်ဘလူမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့ရှေ့ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝနနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စစ်ကိုင်းတိုင်း တာဝန်ခံ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင် **စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻**

**ဖေဖော်ဝါရီ ၁၄ရက်က ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ ရန်ကုန်မြစ်အတွင်း ရေယာဉ်ဖြင့် လှည့်လည်၍ မြစ်ဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုကြစဉ်။** (သတင်း–စာမျက်နှာ–၁၁) (သတင်းစဉ်)